မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၂၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၆၆)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် မစ္စ ရာဒီကာကုမာရဆွာမိအား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ ရင်း ရင်း နှီး နှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စ ရာဒီကာ ကုမာရဆွာမိနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် မစ္စ ရာဒီကာကုမာရဆွာမိနှင့်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

လက်ခံတွေ့ဆုံ

ထိုသို့လက်ခံတွေ့ဆုံရာတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိနှင့်အတူ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေကိုယ်စားလှယ် Mr.Charles James Petrie နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(UNICEF)မှ ဌာနေကိုယ်စားလှယ် Mr.Ramesh Shrestha တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် မစ္စ ရာဒီကာကုမာရဆွာမိနှင့်အဖွဲ့ဝင်များအား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၂၈ ရက်)

မြို့ရွာစည်ပင်သာယာ ပိုမို ဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားပြည်သူများ လက်တွဲပူးပေါင်းပါဝင်

စည်ပင်သာယာရေးလုပ်ငန်းသည် ပြည်သူများ၏ လူနေမှုဘဝ အခြေခံလိုအပ်ချက်များကို ဆောင်ရွက်ပေးနေသော လုပ်ငန်းဖြစ်သည်။ ထို့ပြင် သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းစနစ်ကျနသည့် လူမှုပတ်ဝန်းကျင် ဖြစ်ထွန်းရေးအတွက် ဆောင်ကြဉ်းပေးသော လုပ်ငန်းလည်းဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များသည် လူသားများ ကျန်းမာပျော်ရွှင် စိတ်ကြည်နူးစေရန်၊ စိတ်ချမ်းမြေ့စေရန် ပေးစွမ်းနိုင်သော လုပ်ငန်းများဖြစ်၍ အလေးထား ဆောင်ရွက်ရန် လိုအပ်သည်။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဒေသခံပြည်သူများ၏ လူမှုဘဝလိုအပ်ချက်များနှင့် မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်နိုင်ရန် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေနှင့်အညီ ကြိုးပမ်းသွားရမည်ဖြစ်သည်။

မြို့ရွာများ စည်ပင်သာယာရေးသည် စီးပွားရေးနှင့် ကျန်းမာရေးကို အထောက်အကူပြုသည် သာမက လူမျိုး၏အဆင့်အတန်းကိုလည်း ဖော်ညွှန်းသည်။ မိမိလူမျိုးဂုဏ်သိက္ခာအတွက် အမြဲတမ်းသန့်ရှင်းသာယာလှပနေစေရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

မြို့ပြ သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်ရေး၊ နေအိမ်၊ ဈေးဆိုင်များ၊ လမ်းများ အစဉ်အမြဲသန့်ရှင်းရေး နေ့စဉ် ရှင်းလင်းရေး၊ ယင်လုံအိမ်သာများ သုံးစွဲရေးလုပ်ငန်းတို့ကို ပြည်သူများ အသိစိတ်ဓာတ်ရှိရှိ ကျင့်သုံးစေရေး ပညာပေးသွားကြရမည် ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်က ချမှတ်ဖော်ဆောင်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အနက် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အောင်မြင်အောင် ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ကျေးလက်ဒေသနှင့်မြို့ပြ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့များနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးက လက်တွဲပူးပေါင်းပါဝင်ကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၉မိုင် A-1 လမ်း B-3 အမှတ် ၁၄၈ နေ တေးသံရှင် မေစပယ်ညို၏ မွေးနေ့ အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သဘာဝဓာတ်ငွေ့အရောင်းဆိုင်(၀၀၂) အင်းစိန်(တိုးချဲ့)ဆိုင်ဖွင့်ပွဲ တိုင်းမှူးပိုလ်ချုပ်လှငွေးဝင်းနှင့် ဝန်ကြီးပိုလ်မှူးချုပ်လွန်းသီတက်ရောက်

ရန်ကုန် ဇွန် ၂၇

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၀၂) အင်းစိန်(တိုးချဲ့)ဆိုင်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီခွဲက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘီအိုစီကွေ့အနီး အင်းစိန်လမ်းမကြီးပေါ်ရှိ အဆိုပါဆိုင်ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှငွေးဝင်းက အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အားပေးစကားပြောကြား

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး သဘာဝဓာတ်ငွေ့ ဖြည့်တင်းလျက်ရှိသော မော်တော်ယာဉ် ယာဉ်မောင်းများအားရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကြသည်။**(ဝဲပုံ)**

ပြန်လည်ဖွင့်လှစ်

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်မြို့ နယ်နိမိတ်အတွင်း CNG ဆိုင်အသစ်များ ဖွင့်လှစ်ပေးလျက်ရှိရာ ယခုဆိုင်အပါအဝင် စုစုပေါင်း ၂၇ ဆိုင်ရှိသွားပြီ ဖြစ်သည်။ ယခုဖွင့်လှစ်သော အင်းစိန်(တိုးချဲ့)ဆိုင်မှာ ၁၉၉၅ ခုနှစ် ကတည်းက မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရောင်းချခဲ့ခြင်းဖြစ်ရာ ယခုအခါ စက်စွမ်းရည်များ ကျဆင်းလာသဖြင့် စွမ်းရည်မြင့် စက်ပစ္စည်းများဖြင့် အစားထိုးတပ်ဆင်ပြီး အသစ်ပြန်လည်ဖွင့်လှစ်ပေးခြင်း ဖြစ်သည်။

ပိုမိုလျင်မြန်အဆင်ပြေ

ရန်ကုန်မြို့အတွင်း ယခုကဲ့သို့ စက်စွမ်းရည် ပိုမိုမြင့်မားပြီး ခေတ်မီလုံခြုံစိတ်ချရသော သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိရာ သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များအနေဖြင့် ဓာတ်ငွေ့ဖြည့်တင်းရာတွင် ပိုမိုလျင်မြန် အဆင်ပြေကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၈-၆-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၅၀	၁၄။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း-၆)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း-၁)

မောင်ဖြိုးသာထွန်းအားရည်စူး၍ အမှတ် ၁၆(E) ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်း ကြို့ကုန်း အင်းစိန်မြို့နယ်နေ မိဘဦးကျော်မိုးထွန်း-ဒေါ်သန်းသန်းရီနှင့် ဆွေမျိုးမိတ်ဆွေများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ၅၉၁၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၏ ပထမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးအခမ်းအနားကို ဇွန် ၂၅ ရက် နံနက်ပိုင်းက အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက် အမှာစကား ပြောကြားသည်။ (အောက်ပုံ)

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဦးဟန်ထွန်း၊ မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှမောင်ရွှေတို့က အသီးသီးကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး

အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ်စာရင်းရှင်းတမ်းများကို လည်းကောင်း၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်ချက်များကို လည်းကောင်း ဖတ်ကြား အတည်ပြုချက်ရယူသည်။

နှုတ်ခွန်းဆက်စကား

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့ဝင်ဟောင်းများနုတ်ထွက်၍ အလုပ်အမှုဆောင်အဖွဲ့၏ဥက္ကဋ္ဌ ဦးလှမောင်ရွှေက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက်ကုမ္ပဏီနှင့် အဖွဲ့အစည်းများက မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းအတွက် အလှူငွေများ ပေးအပ် လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေး၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နာယက အဖွဲ့ဝင် ဦးစိုးဝင်းတို့က လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းပြုပြင်ရန်လှူဒါန်း

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း အိမ်အမှတ် ၈ နေ ဦးဝင်းကြည်–ဒေါ်လှရီမိသားစုက အလှူငွေကျပ် နှစ်သိန်းကို လာရောက် လှူဒါန်းရာ ဂေါပက အဖွဲ့ဝင်များဖြစ်သော ဦးဘချိုနှင့် ဦးလှိုင်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းကို ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုကြသော အလှူရှင်များအနေဖြင့် စေတီတော် ဂေါပကရုံး ဖုန်း–၆၆၀၀၀၆၊ ၇၁၀၇၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း ၃ လမ်းနေ အဖ ဦးရွှေရ–အမိ ဒေါ်လှသိန်းတို့အား အမှူးထား၍ သမီး ဒေါ်သန်းရီက သုံးထပ်ဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အထက(၆) မင်္ဂလာတောင်ညွန့် ဂန္ဓမာကျောင်းဆောင်သစ်ဖွင့် ငွေကျပ် ၅၅သိန်းကျော် အကုန်အကျခံဆောက်လုပ်

ရန်ကုန် ဇွန် ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စည်းရုံးဦးဆောင်မှုဖြင့် အထက(၆)တွင် ငွေကျပ် ၅၅၂၈၀၀၀ အကုန် အကျခံ ဆောက်လုပ် ပြီးစီးသွားသော ဂန္ဓမာကျောင်းဆောင်သစ် ဖွင့်ပွဲကို ဇွန် ၂၆ ရက်က ကျောင်းဆောင်သစ်ရှေ့တွင် ကျင်းပရာ ရန်ကုန်အရှေ့ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးသန်းအောင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို၊ အလှူရှင် မြန်မာတော့်ပ်ပါဝါဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်တာဝန်ရှိသူများက ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ငွေကျပ် ၅၅၂၈၀၀၀ အလှူရှင် ဦးအောင်ထွန်းအား မြို့နယ် ဥက္ကဋ္ဌ ဦးချစ်ကိုကိုက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

(အောက်ပုံ) (၂၅၉)

မိတ္ထီလာရှိတက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

ပညာရည်မြင့်မားရေးလုပ်ငန်း အကောင်အထည်ဖော်ရေးမှာကြား

နေပြည်တော် ဇွန် ၂၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦး၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၄ ရက် နံနက် ၉ နာရီက မိတ္ထီလာတက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ် ဦးလှသိန်းက တက္ကသိုလ်၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆောင်ရွက်ချက်များကိုလည်းကောင်း၊ ပါမောက္ခဌာနမှူးများက အဝေးသင်တက္ကသိုလ် သင်တန်းသား သင်တန်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးက သင်တန်းသား သင်တန်းသူများ၏ အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်ရန်များကို မှာကြားပြီး ရူပဗေဒ၊ ဓာတုဗေဒ လက်တွေ့စမ်းသပ်ခန်းများတွင် အဝေးသင်တက္ကသိုလ်သင်တန်းသား သင်တန်းသူများ၏လက်တွေ့လုပ်ဆောင်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာပညာရေးကောလိပ်သို့ ရောက်ရှိကြရာ ဒုတိယကျောင်းအုပ်ကြီး ဒေါ်ခင်စန်းမြင့်က ကောလိပ်၏စီမံခန့်ခွဲရေးနှင့် ဖွင့်လှစ်ပို့ချလျက်ရှိသောသင်တန်းများ၏အခြေအနေတို့ကိုရှင်းလင်းတင်ပြသည်။

လှည့်လည်စစ်ဆေး

ထို့နောက် ဝန်ကြီးက ဘာသာရပ်အလိုက် ဆရာ ဆရာမများ ပြည့်စုံလုံလောက်မှုနှင့် သိပ္ပံလက်တွေ့စမ်းသပ်ခန်းများတွင် လက်တွေ့လေ့ကျင့် သင်ကြားနိုင်မှုတို့အပေါ် လိုအပ်သည်များ မှာကြားပြီး လက်တွေ့ စမ်းသပ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး မန္တလေးတိုင်း တိုင်းပညာရေးမှူး၊ မိတ္ထီလာမြို့ မြို့နယ်ပညာရေးမှူးနှင့် လက်ထောက် မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ ပညာရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ပညာရေးမှူး ဦးထွန်းရီက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပညာရေးကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လုပ်ငန်းလမ်းညွှန်ချက် ငါးရပ်နှင့်အညီ ပညာရည်မြင့်မားရေး လုပ်ငန်းများကို ပညာရေးဝန်ထမ်းများနှင့် ဆရာ ဆရာမများက အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေး မှာကြားသည်။

မိတ္ထီလာစီးပွားရေးတက္ကသိုလ်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့ရောက်ရှိလာရာ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာ စန်းလွင်က သင်တန်းဖွင့်လှစ်နိုင်မှု၊ ဘာသာရပ်အလိုက် သုတေသနလုပ်ငန်းဆောင်ရွက်မှုနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြပြီး ပါမောက္ခ ဌာနမှူးများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

လိုအပ်ချက်များ ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးက ကျောင်းစစ်ဆေးရေးနှင့် သုတေသနလုပ်ငန်း ဆောင်ရွက်ချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး ဘာသာရပ်ဌာနအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

နိုင်ငံတကာ မှတ်ကျောက်တွင် တင်ခံရသည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးအောင်ပွဲ

ခြင်ကျား(မအူပင်)

မူးယစ်ဆေးဝါး သုံးစွဲ၊ စိုက်ပျိုး၊ ထုတ်လုပ်ခြင်း ဓလေ့သည် မြန်မာ့ဓလေ့မဟုတ်ပေ။ နယ်ချဲ့စနစ်ကြောင့် မြန်မာ့မြေပေါ်တွင် ခြေချခဲ့သော မူးယစ်ဆေးဝါးပပျောက်ရေးအတွက် နိုင်ငံတော်က ၁၅နှစ်စီမံကိန်း (၁၉၉၉-၂၀၁၄)ကို ချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ပန်းတိုင်သစ်စီမံကိန်းကို ၂၀၀၂ ခုနှစ် ဧပြီလတွင် စတင်ဆောင်ရွက်ခဲ့သည်။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)က ၂၀၀၇ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်း အောင်မြင်မှုကို ဖော်ပြခဲ့ပါသည်။

နိုင်ငံတော်အစိုးရက ဦးဆောင်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို ဆက်စပ်ဆောင်ရွက်လုပ်ကိုင်ခဲ့သောကြောင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်မှုရရှိခဲ့သည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၏ ရည်ရွယ်ချက် ငါးရပ်တွင် **"နယ်စပ်ဒေသ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်"** ဟူသည့် ရည်ရွယ်ချက်တစ်ရပ်ကိုလည်း ထည့်သွင်းသတ်မှတ်ခဲ့သည်။ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်း မစတင်မီ ၁၉၈၉ ခုနှစ်ကတည်းက နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းကို ကြိုတင်ဆောင်ရွက်ခဲ့သည့်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို လျင်မြန်စွာ၊ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း ဖြစ်သည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ဘိန်းစိုက်ပျိုးရာ ဒေသများ၏ လူမှုစီးပွားရေးအခြေခံ အဆောက်အအုံများကို ဦးစားပေး တည်ဆောက်ပေးခဲ့သည်။ နယ်စပ်ဖွံ့ဖြိုးရေးအတွက် သုံးစွဲခဲ့သည့် ရန်ပုံငွေစုစုပေါင်း ကျပ်သန်းပေါင်း ၁၀၁၀၆၆ သန်းကျော်၏ ၇၅ ရာခိုင်နှုန်းကို မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းနှင့် ဆက်စပ်နေသည့်ဒေသများ၌ သုံးစွဲဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် နယ်စပ်ဒေသ၌ရှိသည့် ဘိန်းစိုက်တောင်သူများအတွက် အခြားစီးပွားရေးအခွင့်အလမ်းများ ပေါ်ပေါက်လာပြီး ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအားထားမှု သိသာစွာ လျော့နည်းကျဆင်းလာခဲ့သည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု ကျဆင်းပပျောက်ရေးအတွက် ယခင်က ဘိန်းခင်းများကို လေယာဉ်ဖြင့် ဆေးဖျန်းဖျက်ဆီးခြင်း၊ စစ်ဆင်ရေးကြီးများဖြင့် တားဆီးနှိမ်နင်း ဖျက်ဆီးခြင်းလုပ်ငန်းများကို ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့သည်။ သို့သော် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ ကျဆင်းမှုမရှိခဲ့သည်ကို တွေ့ရသည်။ ယခုအခါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေး အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်းကြောင့် လည်းကောင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများအကြား မူးယစ်ဆေးဝါး၏ ဆိုးကျိုးကို အသိပညာပေးနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းကြောင့် လည်းကောင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသာစွာလျော့နည်း ကျဆင်းလာခဲ့သည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအပြင် အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် တင်သွင်းလာသော ကုန်ကြမ်းနှင့် ဓာတုဆေးဝါးများကို အသုံးပြုထုတ်လုပ်သည့် စိတ်ကြွရူးသွပ်ဆေးပြားများကို ထိရောက်စွာ တားဆီး နှိမ်နင်းလျက်ရှိပါသည်။ နယ်စပ်မြို့များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့တို့ကို မူးယစ်ဆေးဝါးကင်းမဲ့ဇုန်ဖြစ်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများ လတ်တလော ရိက္ခာအခက်အခဲကို ဖြည့်ဆည်းပေးနိုင်ရန် ၂၀၀၃ခုနှစ်မှစတင်၍ ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ် (WFP) နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ WFP သည် ၂၀၀၃ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၉၃ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၃၀၅၇၆ တန်ကို ကွတ်ခိုင်၊ ကောင်းခါး၊ မုံးကိုး၊ ဖောင်းဆိုင်၊ တာမိုးညဲ၊ မန်တုံ၊ မန်ပန်၊ ဖယ်ခုံ၊ ပင်လောင်း၊ ဆီဆိုင်ဒေသများမှ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တိုင်းရင်းသား တောင်သူများအား ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းတို့၌ ရိက္ခာမဖူလုံသော မိသားစုများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်လျက်ရှိသည်။ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၇၃၉ သန်း တန်ဖိုးရှိသည့် ဆန်နှင့် စားနပ်ရိက္ခာ ၁၁၄၃၁၅ တန်ကို ထောက်ပံ့ရေးအတွက် စီစဉ်ဆောင်ရွက်လျက် ရှိသည်။

၂၀၀၅ ခုနှစ် မတ်လတွင် ထိုင်းနိုင်ငံမှ WFP ကို လှူဒါန်းသည့် ဆန်တန်ချိန် ၁၀၀၀ကို တာချီလိတ်မြို့မှ တစ်ဆင့် "ဝ"ဒေသကိုလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာ-တရုတ်နယ်စပ်ရှိ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများအတွက်လှူဒါန်းသော ယွမ်သန်း ၃၀ မြန်မာငွေကျပ် ငါးဘီလီယံ ဖိုးခန့်ရှိသော ဆန်တန်ချိန် ၁၀၀၀၀ကို ပန်ဝါ၊ လိုင်ဇာ၊ လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားတို့တွင်လည်းကောင်း ဖြန့်ဝေပေးခဲ့သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) နှင့် မူးယစ်ဗဟိုတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော "ဝ"ဒေသအစားထိုး ဖွံ့ဖြိုးရေးစီမံကိန်း (Wa Alternative Development Project - WADP) စီမံကိန်းကို UNODC ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၉၉ သန်းဖြင့် ၁၉၉၈ ခုနှစ်မှစ၍ ၂၀၀၇ ခုနှစ်အထိ မိုင်းပေါက်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုစီမံကိန်းက ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာ ဖူလုံရေး၊ လူထုဖွံ့ဖြိုးရေး၊ အစားထိုး ဝင်ငွေရရှိရေး၊ မူးယစ်ဆေးဝါးနှင့် AIDS ရောဂါ အသိပညာပေးရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ဘိန်းစိုက်ပျိုးမှု စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDPနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို ၁၉၉၄ ခုနှစ်က စတင်ပြီး ၂၀၀၇ ခုနှစ်အထိ UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၈ သန်းနှင့် ဆောင်ရွက်လျက် ရှိသည်။ စီမံကိန်းအဆင့်(၁)မှ (၃)အပါအဝင် UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၁ သန်းဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့် ရရှိရေး၊ မိသားစုဝင်ငွေ တိုးပွားရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

စီမံကိန်းအဆင့်(၄)ကို ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ပူတာအို၊ မချမ်းဘော၊ တနိုင်း၊ မံစီ၊ မိုးမောက်မြို့နယ်များ၊ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များ၊ ရခိုင်ပြည်နယ် မြောက်ဦး၊ မင်းပြား၊ ကျောက်တော်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များ၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် မွန်ပြည်နယ် ကျိုက်မရော၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်များမှ ကျေးရွာပေါင်း ၈၄၉ ရွာ၌ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစု ဝင်ငွေ တိုးပွားရရှိရေး လုပ်ငန်းများကို UNDP ထည့်ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၆ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းစေသည့် ရွှေ့ပြောင်းတောင်ယာစနစ်အစား ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးခြင်း၊ မြေပြန့်များ၌ လယ်ယာမြေအသစ်များကို ဖော်ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်ပေးမှုတို့ကြောင့် ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထွက်တိုးသီးနှံများ တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ကြသည်။ အပိုဝင်ငွေရရှိစေမည့် ရော်ဘာ၊ လိမ္မော်၊ လိုင်ချီး၊ နှင်းသီး၊ လက်ဖက် စသည့် နှစ်ရှည်စိုက်ခင်းကြီးများလည်း ပေါ်ထွက်လာခဲ့သည်။ ဤစိုက်ပျိုးရေးအခြေခံကောင်းများကြောင့် ဘိန်းစိုက်ပျိုးမှုကို ဒေသခံ တိုင်းရင်းသားအများစုက စွန့်လွှတ်လာကြသည်ကို တွေ့ရှိရသည်။ ဘိန်းအစားထိုးသီးနှံစိုက်ခင်း တိုးချဲ့နိုင်ရန်နှင့် ထွက်ရှိလာသည့် သီးနှံများကို ဈေးကွက်တင်ပို့နိုင်ရေး၊ ပြည်တွင်းတွင်သာမက ပြည်ပဈေးကွက်ရရှိရေး၊ ဈေးကောင်းရရှိရေးကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးစီမံကိန်း ဆောင်ရွက်နေသည့် ရွှေတြိဂံနယ်မြေ၌ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများ၏ သား၊သမီး ကျောင်းသားများကိုလည်း ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်နှင့် ပူးပေါင်း၍ food for education အစီအစဉ်ဖြင့် ဆန်ထောက်ပံ့ပေးခြင်း၊ UNDPနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဝေးလံမြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းမှ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ကျောင်းပေါင်း ၅၀၇ ကျောင်း ဆောက်လုပ်ပြီး ကျောင်းပေါင်း ၅၈၉ ကျောင်းပြုပြင်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့သည်။ နယ်စပ်ဒေသရှိ ကျောင်းသားများ ကျောင်းသုံးစာအုပ် အခမဲ့ရရှိရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် ဖြန့်ဝေပေးခြင်း UNICEF နှင့် ပူးပေါင်းဖြန့်ဝေပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် ၂၀၀၆-၂၀၀၇စာသင်နှစ်တွင် ကျောင်းသား ၁၈၅၅၅၂ ရှိလာသဖြင့် နယ်စပ်ဒေသရှိ လူငယ်များ ပညာပိုတတ်မြောက်လာ၍ ကိုလိုနီအမွေဆိုးဖြစ်သည့် ဘိန်းစိုက်ပျိုးမှု၏ ဆိုးကျိုးကို ပိုမိုသိမြင်လာကြတော့မည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ပန်းတိုင်သစ် စီမံကိန်းပါ ပေါင်းစပ်၍ ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့သောကြောင့် မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု အရှိန်အဟုန်ဖြင့် ကျဆင်းလာခဲ့သည်။ မြန်မာနိုင်ငံ၏ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာသည့် အခြေအနေမှာ နိုင်ငံတကာ၏ စံမှတ်ကျောက်ဖြင့် အစမ်းသပ်ခံနိုင်သည့် အခြေအနေအထိ တိုးတက်လာခဲ့သည်။

အမေရိကန်နိုင်ငံ Counter Narcotic and Crime (CNC) ပူးပေါင်း၍ ဘိန်းအထွက်နှုန်း တိုင်းတာခဲ့သည့် စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၀၄ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ၈၁ ရာခိုင်နှုန်း ကျဆင်းသွားလျက် ထုတ်လုပ်မှုသည် ၈၈ ရာခိုင်နှုန်း လျော့နည်းသွားသည်ဟု ဖော်ပြခဲ့သည်။

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး(UNODC)က ၂၀၀၆ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ၂၀၀၇ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာအဖြစ် ၂၀၀၇ခုနှစ် မတ်လက ထုတ်ပြန်ခဲ့သည်။ UNODC ၏အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှု ၃၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်းဖော်ပြခဲ့သည်။ မြန်မာနိုင်ငံအစိုးရ၏ မူးယစ်ဆေးဝါး ပပျောက်ရေး ၁၅ နှစ်စီမံကိန်း (၁၉၉၉-၂၀၁၄ခုနှစ်) အရ ၂၀၀၅ခုနှစ် ဇွန်လတွင် စတင်ခဲ့သော ဒုတိယကာလတို ငါးနှစ်စီမံကိန်း၏ ရလဒ်အဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂) 'ဝ'ဒေသတွင် ဘိန်းကင်းမဲ့ဇုန်အဖြစ် ကြေညာနိုင်ခဲ့ကြောင်းလည်း ဖော်ပြပါရှိသည်။

ဘိန်းစိုက်ပျိုးမှု သိသိသာသာ လျော့နည်း ကျဆင်းသွားခြင်းကြောင့် ဒေသခံကျေးလက်ပြည်သူများ ဘဝရပ်တည်မှု မထိခိုက်စေရေးအတွက် UNODCကလည်း ကူညီပေးခဲ့ကြောင်း၊ UNODCအနေဖြင့် ကိုးကန့်ဒေသနှင့် 'ဝ'ဒေသမှ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်ခဲ့သူ ဒေသခံပြည်သူ ထောင်ပေါင်းများစွာနှင့် ၎င်းတို့၏ မိသားစုများအတွက် အစားအသောက် အခြေခံဝန်ဆောင်မှုနှင့် ပညာရေးဆိုင်ရာ အကူအညီများ ပေးခဲ့ကြောင်းလည်း ဖော်ပြခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် UNODC ၏ ဆည်မြောင်းစီမံချက်ဖြစ်သော ဟိုတောင်းမြို့နယ် နန်းတူရေလွှဲဆည်ကို တည်ဆောက်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

UNODC၏ အစီရင်ခံစာ၌ပင် ၂၀၀၆ ခုနှစ် စောစောပိုင်း စစ်တမ်းများအရ မုန်းပေါက်ဒေသတွင် ၁၉၉၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ဘိန်းအစားထိုး စပါးစိုက်ပျိုးမှု ဧရိယာ ၇၈၅ ဟက်တာနှင့် စပါးစိုက်ပျိုးမှု ၂၁ ရာခိုင်နှုန်း တိုးတက်လာပြီး ၁၉၉၉ ခုနှစ်က လုံးဝမရှိခဲ့သော မြေနိမ့်စပါးစိုက်ပျိုးမှု ၄၂ ရာခိုင်နှုန်းအထိ တိုးမြှင့်စိုက်ပျိုးလာနိုင်၍ အနည်းဆုံး သီးနှံအသစ်တစ်မျိုးကို ရာခိုင်နှုန်း ၆၀ အထိ စိုက်ပျိုးလာနိုင်သည်ကို တွေ့ရှိကြောင်း ဖော်ပြထားသည်။

ဘိန်းစိုက်ပျိုးရာသီတွင် ပုံမှန်ပြုလုပ်သော ဘိန်းတိုက်ဖျက်ရေးစီမံချက်ကို ရှောင်လွှဲ၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ရာသီမဟုတ်ဘဲ ဘိန်းစိုက်ပျိုးသော မြို့နယ်သုံးခုရှိကြောင်း သတင်းများ ထွက်လာသဖြင့် UNODC နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးအေဂျင်စီတို့ ပူးပေါင်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် စစ်တမ်းများ ကောက်ယူမှုပြုခဲ့ကြောင်း၊ ၎င်းစစ်တမ်းအရ အဆိုပါ သတင်းထွက်သောဒေသများတွင် ဘိန်းစိုက်ပျိုးမှုအထောက်အထား လုံးဝမတွေ့ရှိခဲ့ရကြောင်း ဖော်ပြခဲ့သည်။

UNODCသည် 'ဝ'ဒေသ မုန်းပေါက်နှင့် ဝိန်းကောင်နယ်မြေတို့တွင် မူးယစ်ဆေးဝါး ဝယ်လိုအား လျှော့ချရေးစီမံချက်ဖြင့် ကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ် ဇူလိုင်လအတွင်း လူထောင်ပေါင်းများစွာ ဘိန်းဖြတ်ခဲ့ကြပြီး ၎င်းတို့၏ မိသားစုကိုပါ နှစ်သိမ့်ပညာပေး ဆွေးနွေးခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းကို အမျိုးသားရေးအမြင်နှင့်ယှဉ်၍ တိုက်ဖျက်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီး နိုင်ငံတကာ မှတ်ကျောက်တွင် တင်ခံရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် မူးယစ်ဆေးဝါး ပပျောက်ရေး ၁၅နှစ်စီမံကိန်းကို ပန်းတိုင်သစ် စီမံကိန်းပါ ပေါင်းစပ်၍ ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့သောကြောင့် မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်ဖြင့် ကျဆင်းလာခဲ့သည်။ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာသည့် အခြေအနေမှာ နိုင်ငံတကာ၏ စံမှတ်ကျောက်ဖြင့် အစမ်းသပ်ခံနိုင်သည့် အခြေအနေအထိ တိုးတက်လာခဲ့သည်။

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆက်လက်ကြိုးစား ခရိုင်ချင်းဆက်လမ်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီဖောက်လုပ်

နေပြည်တော် ဇွန် ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့်သည် ဇွန် ၂၁ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသော စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။(အပေါ်ပုံ)

ကြိုးစားဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် မြို့များ သာယာလှပ စိမ်းလန်းစိုပြည်မှုရှိရေးအတွက် ညွှန်ကြားထားသော အချက်(၁၆)ချက်နှင့်အညီ ဆောင်ရွက်ရေး၊ မြို့ပြနှင့်ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ကျေးလက်လမ်း၊ တံတားများအား တိုးတက်ဆောင်ရွက်ရေး၊ မြို့ပြရေပေးဝေရေးလုပ်ငန်းများ ပြင်ဆင်တိုးချဲ့ဆောင်ရွက်ရေး၊ အောင်မြင်မှုရရှိသော ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအား ဆက်လက်ကြိုးစားဆောင်ရွက်ရေး၊ ခရိုင်ချင်းဆက်လမ်းများ သတ်မှတ်ကာလတွင် စံချိန်စံညွှန်းနှင့်အညီ ဖောက်လုပ်ပြီးစီးရေး၊ ကျေးလက်နေပြည်သူများအတွက် ဒေသနှင့်ကိုက်ညီပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ကျေးလက်အိမ်ရာများ တည်ဆောက်ရေး၊ ခြံစည်းရိုး ကြက်ဆူပင်များမှရရှိသည့် ကြက်ဆူဆီများကိုလည်း ဘိုင်အိုဒီဇယ်အဖြစ် ဆက်စပ်လုပ်ငန်းများတွင် သုတေသနပြုစမ်းသပ်သုံးစွဲရေးနှင့် ပြည်သူနှင့်တစ်သားတည်းဖြစ်ပြီး ပြည်သူများ ယုံကြည်ကိုးစားရတဲ့ ဝန်ထမ်းကောင်းများအဖြစ် ကြိုးစားဆောင်ရွက်ရေး စသည်ဖြင့် မှာကြားသည်။

ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၆-၂၀၀၇ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့များမှ နှစ်ပတ်လည် အစီရင်ခံစာအပေါ် သုံးသပ်၍ ကဏ္ဍကြီး ငါးရပ်ခွဲခြားပြီး စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက် ကဏ္ဍများကို သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

သုံးသပ်ဆွေးနွေး

ဆက်လက်၍ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ပြည်ပနိုင်ငံများသို့ အလုပ်ရုံဆွေးနွေးပွဲ သင်တန်း တက်ရောက်ခဲ့သူများအနက် ဆင်းရဲချို့တဲ့မှု တိုက်ဖျက်ရေးစာတမ်းကို ဒုတိယအင်ဂျင်နီယာချုပ် ဦးမျိုးအောင်က လည်းကောင်း၊ အာရှနိုင်ငံများအတွက် မြို့ပြနှင့်ဒေသဆိုင်ရာ စီမံခန့်ခွဲမှုစာတမ်းကို ဒုတိယညွှန်ကြားရေးမှူး(အင်ဂျင်နီယာ)ဦးမန်းက လည်းကောင်း၊ ကျေးလက်ဒေသ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲ ခြင်းစာတမ်းကို ဒုတိယ ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးမြင့်ဇော်သန်းကလည်းကောင်း၊ အနေးသဲရေစစ်ကန်သုံး ရေသန့်စင်မှုစနစ်တစ်ခုအား ပြန်လည်အသုံးချနိုင်ရန် မွမ်းမံပြုပြင်ခြင်းစာတမ်းကို ဒုတိယညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးခင်မောင်ဌေးက လည်းကောင်း၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းအတွက် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်သူအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် စာတမ်းကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထွန်းလွင်က လည်းကောင်း၊ မြေအောက်ရေ စီမံခန့်ခွဲမှု ပြုပြင်ထိန်းသိမ်းရေးနှင့် လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ စစ်ဆေးရေးခရီးစဉ် တက်ရောက်ခဲ့မှုစာတမ်းကို ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)ဦးစိုးကိုကိုက လည်းကောင်း ဖတ်ကြားတင်သွင်းပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေနှင့် တာဝန်ရှိသူများက ပြန်လည်သုံးသပ် ဆွေးနွေးခဲ့သည်။

ထို့နောက်နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၅ ရက် နံနက်က နေပြည်တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၇-၂၀၀၈ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ရှေ့လုပ်ငန်းစဉ် (၁၂)ရပ်အား တင်သွင်းရာ အစည်းအဝေးမှ အတည်ပြုသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တည်ဆောက်ပေး

စည်ပင်သာယာရေးဦးစီးဌာန အနေဖြင့် ၂၀၀၆-၂၀၀၇ခုနှစ် ဘဏ္ဍာရေးနှစ် မြို့ပြလမ်းများတွင် ကတ္တရာလမ်း ၁၃၁ မိုင်၊ ကျောက်ချောလမ်း ၄၅ မိုင်၊ ဂဝံလမ်း ၁၀ မိုင်၊ မြေသားလမ်း လေးမိုင်၊ မိုင်ပေါင်း ၁၉၀ နှင့် ကျေးလက်လမ်းများတွင် ကတ္တရာလမ်း ၆၅ မိုင် ကျောက်ချောလမ်း ၄၇၃မိုင်၊ ဂဝံလမ်း ၁၆၁မိုင်၊ မြေသားလမ်း ၁၇၀၂မိုင် ပေါင်း ၂၄၀၁မိုင် စုစုပေါင်း မြို့ပြနှင့် ကျေးလက်လမ်းမိုင်ပေါင်း ၂၅၉၁ မိုင်နှင့် မြို့ပြတံတား၂၆၉စင်းနှင့် ကျေးလက်တံတား ၆၉၇စင်း ပေါင်း ၉၆၆ စင်းတို့အား ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းများကို ၂၀၀၀-၂၀၀၁ခုနှစ်မှစတင်ပြီး ၁၀နှစ် စီမံကိန်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းတို့တွင် ဆောင်ရွက်ပေးရမည့် ကျေးရွာ၈၀၄၂ရွာအနက် ၂၀၀၆-၂၀၀၇ခုနှစ် ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၇၉၁၁ ရွာ၌ ရေရရှိရေး လုပ်ငန်းပေါင်း ၁၁၇၉၈ ခုဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၉၈ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ဆောင်ရွက်ပေးရန် ကျေးရွာပေါင်း ၂၃၂၂၅ ရွာအနက် ကျေးရွာ ၁၇၂၅၀ကို ဆောင်ရွက်ပေးနိုင်ခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၇၄ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြင့် ကျေးလက်ဒေသ နေပြည်သူများ လူနေမှုဘဝ မြင့်မားရေးအတွက် စံပြကျေးလက်အိမ်ရာများကို ဆောက်လုပ်ပေးလျက်ရှိရာ စီမံကိန်းစတင်သည့် ၂၀၀၃-၂၀၀၄ခုနှစ်မှ ၂၀၀၆-၂၀၀၇ခုနှစ်အထိ စုစုပေါင်း၃၄၂၀ ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်းနှင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)နှင့် (၂)တို့ကိုလည်း သတ်မှတ်ချိန်ကာလအတွင်း တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ကျင်းပ

ရန်ကုန် ဇွန် ၂၇

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီ ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်ဦးထံမှပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက ဖတ်ကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အလုပ်အမှုဆောင်ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)က အမှာစကား ပြောကြားပြီး မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးယဉ်ကျော် (ဒါရိုက်တာ မောင်ယဉ်ကျော်)က ဆုရွေးချယ်ပုံနှင့် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများအား ရန်ကုန်မြို့တွင်းသို့ မော်တော်ယာဉ် ငါးစီးဖြင့်လေ့လာရေးပို့ဆောင်ပေးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြ၍ အလှူရှင်ကိုးဦးတို့က အလှူငွေကျပ် ၃၈၂၀၀၀ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ချီးမြှင့်

ထို့နောက် အလုပ်အမှုဆောင် ဦးခင်မောင်ထွန်း **(အောက်ပုံ)**နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဧည့်သည်တော် ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင် မေတ္တာနှင့် မိုးပြည့်ပြည့်မောင်တို့က ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ဝန်ကြီး၏မှာကြားချက် ထပ်ဆင့်ရှင်းလင်း

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို မေ ၂၂ရက်က ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ကျင်းပရာ ခရိုင် ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေး၌ တိုင်းလက်ထောက် ညွှန်ကြားရေးမှူးက ထပ်ဆင့် ရှင်းလင်းသည့် ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး၏ မှာကြားချက်များ ထပ်ဆင့် ရှင်းလင်းမှာကြားသည်။ (၂၇၃)

မြန်မာ့အလင်း ပြည်တွင်း သတင်းအတိုအထွာ

ကျောက်ဆည် လင်းလက်စာကြည့်တိုက်သို့ ရုပ်မြင်သံကြား၊ စာအုပ်နှင့် ငွေပဒေသာပင်စိုက်ထူ

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်စံပြကျေးရွာ လင်းလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရုပ်မြင်သံကြားပြစက်၊ စာအုပ်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဇွန် ၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာရှိ ရွာလယ်ဓမ္မာရုံတွင်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွှန့်ရွှေနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အမှုဆောင် ဦးခင်ကျော်တို့က စာကြည့်တိုက် ရေရှည်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ၊ စာပေလေ့လာဖတ်ရှုခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသ မဂ္ဂဇင်းမျိုးစုံကို လည်းကောင်း၊ ကျေးရွာသူ ကျေးရွာသားများက စုပေါင်းအလှူငွေကျပ် ၄၆၈၅၀ ကိုလည်းကောင်း၊ အလှူရှင် ၁၂ ဦးတို့က ငွေကျပ် ၁၁၀၅၀၀ ကို လည်းကောင်း၊ ဖျောက်ဆိပ်ပင်ကျေးရွာမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးထွန်းအောင်ရွှေနှင့် ဆင်မင်းဘိလပ်မြေစက်ရုံမှ ဝန်ထမ်း၁၅ ဦးတို့ စုပေါင်း၍ ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံးကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုး

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော် အခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၈ နာရီက ဗန်းမော်တက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးစိန်ဝင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ ဗန်းမော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဌေးအောင်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဗန်းမော်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ရော်ဘာပင်များ စိုက်ပျိုးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နွားထိုးကြီး၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားဆောင်ရွက်ပေး

နွားထိုးကြီးမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၏ ကြီးကြပ်မှုနှင့် နိုင်ငံသားမှတ်ပုံတင်ထုတ်ပေးရေးစီမံချက်အရ နွားထိုးကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုး ဦးဆောင်သောအဖွဲ့သည် ဇွန် ၂၄ရက်က အုတ်တွင်းကျေးရွာသို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးကြသည်။ နွားထိုးကြီးမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ် ၅၀၀၀ ကို စီမံချက်ဖြင့် ယခုကဲ့သို့ ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ (၂၂၇)

ရေဦးမြို့နယ် ထွေ/အုပ်ဝန်ထမ်း သားသမီးများ ပညာသင်စရိတ် ထောက်ပံ့

ရေဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးကကြီးမှူး၍ ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်စန်းစန်းထွေးတို့က အထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့် ကျောင်းသား ကျောင်းသူ ၅၀ အတွက် ငွေကျပ် ၁၄၈၀၀၀ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ (မြို့နယ် ထွေ/အုပ်)

မိုးကောင်းမြို့သာယာလှပရေး စုပေါင်းဆောင်ရွက်

ကချင်ပြည်နယ် မိုးကောင်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မေ ၂၂ ရက်က ဈေးကုန်းရပ်ကွက် မြဝတီမင်းကြီး ဦးစလမ်းဘေးဝဲယာတစ်လျှောက်၌ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်သိမ်းဆည်းခြင်းလုပ်ငန်း စုပေါင်းဆောင်ရွက်ကြရာ အဖွဲ့အမှုဆောင်အရာရှိ ဦးစန်းဝင်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၁၆)**



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး(အထူး)သင်တန်းဖွင့် အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး) သင်တန်းအမှတ်စဉ် (၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၅ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမဌာနကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့်သင်တန်းကြီးကြပ်သူအရာရှိများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲ အခမ်းအနား၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးကို မှန်မြတ်မှန်ကန်သည့် ရည်ရွယ်ချက်ငါးချက်၊ အခြေခံမူငါးရပ်၊ ကတိသစ္စာ လေးချက်၊ ကျင့်ဝတ် ၁၀ ပါးနှင့် တာဝန်ဝတ္တရား ၁၄ ချက်ကို အခိုင်အမာ ပြဋ္ဌာန်းပြီး ထူထောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ အသင်းဝင်များအနေနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်သစ် ထူထောင်ရေးလုပ်ငန်းစဉ်ကြီးတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရုံသာမက လူထုတစ်ရပ်လုံးပါဝင်ဆောင်ရွက်လာအောင် စည်းရုံးရေးနည်းလမ်းအားဖြင့်အထောက်အကူပြုနေကြပြီဖြစ်ကြောင်း၊ နှစ်စဉ် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နိုင်ငံ၏နယ်မြေဒေသအသီးသီးတွင် နယ်မြေ၏ အကျိုး၊ နယ်မြေလူထု၏အကျိုးကို စိတ်ကောင်းစေတနာမှန်နှင့် ဝိုင်းဝန်းပါဝင် ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် နယ်မြေလူထု၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများကိုလည်း ရရှိနေပြီဖြစ်ကြောင်း၊ အသင်းဝင်အင်အားသည်လည်း ၂၄ သန်းနီးပါးအထိ တိုးတက်လာပြီဖြစ်ကြောင်း။

စနစ်တကျဖွဲ့စည်းထား

ထို့ကြောင့် အသင်းကြီးကို စတင်ထူထောင်သည့်အချိန်ကစပြီး စနစ်တကျဖွဲ့စည်းမှုနှင့် လေ့ကျင့်မှုများကို စဉ်ဆက်မပြတ် ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း၊ အသင်းကြီးကိုဗဟိုဌာနချုပ် ပြည်နယ်၊ တိုင်းအသင်း ၁၇ သင်း၊ ခရိုင်အသင်း ၆၆ သင်း၊ မြို့နယ်အသင်း ၃၂၀၊ ရပ်ကွက်၊ ကျေးရွာအသင်း ၁၅၃၃၄ သင်းအဖြစ် စနစ်တကျဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ အသင်းဝင်များသည် နိုင်ငံတော်၏ နယ်မြေဒေသအသီးသီးတွင် ရှိနေကြပြီး တိုင်းရင်းသားပေါင်းစုံပါဝင်နေကြသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်တွေ့မြင်နေရပြီဖြစ်ကြောင်း။

လေ့ကျင့်ဆွေးနွေး

အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး(အထူး)သင်တန်းတွင် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ နိုင်ငံ့သားကောင်း အရည်အချင်းပြည့်ဝရေး၊ မှန်ကန်သည့် ဦးဆောင်မှုနှင့် နာခံခြင်း အလေ့အကျင့်ကောင်းများရရှိရေး၊ မှန်ကန်သော ဦးဆောင်မှုကို ခံယူခြင်းဖြင့် စုစည်းညီညွတ်သော အင်အားစုအဖြစ် နိုင်ငံအတွက် အလုပ်အကျွေးပြုနိုင်ရေး၊ အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်အတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် တိုးတက်မှုအခြေအနေ၊ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် မွန်မြတ်သည့် စိတ်ဓာတ်ခိုင်မာသည့် စည်းကမ်း၊ထက်မြက်သည့် စွမ်းရည်များရရှိစေရန် အလေးထားပြီး လေ့ကျင့်ဆွေးနွေးသွားကြမှာဖြစ်ကြောင်း၊ သင်တန်းက ဆွေးနွေးပို့ချမှုများကို မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် ပေါင်းစပ်ပြီး မိမိတို့နယ်မြေအကျိုးကို ပိုမိုသယ်ပိုးဆောင်ရွက်သွားနိုင်ရန်အလေးထားပြီး မှတ်သားလေ့လာသွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

စဉ်ဆက်မပြတ်အကောင်အထည်ဖော်

လက်ရှိကာလသည် နိုင်ငံတော်ကြီးကို ပြည်သူများ လိုလားတောင့်တနေကြသည့်အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်သစ်ကြီး အဖြစ်ရောက်အောင် အစီအစဉ်ရှိရှိ ပုံဖော်တည်ဆောက်နေသည့် ကာလဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရသည့် အခွင့်အခါကောင်းနှင့် ကြုံကြိုက်နေသည့် ကာလဖြစ်ကြောင်း၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးသည် အတိတ်ကာလ၏ ကောင်းမွေ၊ ဆိုးမွေများအပေါ် အခြေခံပြီး အနာဂတ်ကာလနိုင်ငံတော်ကြီး ရေရှည်တည်တံ့စေရန်၊ အစဉ်ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ထားသည့် ရည်မှန်းချက်များ အောင်မြင်ရေးအတွက် မျှော်မှန်းပြီး ပစ္စုပ္ပန်ကာလတွင် လက်တွေ့ကျသည့် လုပ်ငန်းစဉ်များ၊ စတင်လုပ်ဆောင်နိုင်သည့် လုပ်ငန်းစဉ်များနှင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ကြရခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲနေသည့် ပကတိအခြေအနေကို ကြည်လင်သည့်အမြင်နှင့် ကြည့်မည်ဆိုလျှင် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် တည်ငြိမ်အေးချမ်းမှုရအောင် ကြိုးပမ်းခဲ့ကြသော်လည်း မရရှိခဲ့သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိနေပြီဆိုသည်ကို တွေ့မြင်ကြရမှာ ဖြစ်ကြောင်း၊မည်သည့်ခေတ်၊မည်သည့် အခါကနှင့်မှမတူသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်သူကြားက ပြည်သူများ ဖြစ်ကြသည့် အသင်းဝင်များကိုယ်တိုင် နေရာအသီးသီးတွင်ရှိနေကြသည့် ပြည်သူများနှင့်အတူ သိမြင်ထိတွေ့ ခံစားနေကြရပြီဖြစ်ကြောင်း။

ရလဒ်ကောင်းများရရှိနေ

နိုင်ငံတော်တစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဒေသကြီး ၂၄ခု စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများချမှတ်ပြီး စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် အောင်မြင်မှုရလဒ်ကောင်းများ ရရှိနေပြီဆိုသည်ကို အားလုံးအသိဖြစ်ကြောင်း။

လက်တွဲကြိုးပမ်း

အနာဂတ် နိုင်ငံတော်သစ်ကြီးကို ပုံဖော် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ်ထားပြီးဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် မရှိမဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက်လည်း အမျိုးသားညီလာခံကြီးကို မကြာခင် ပြန်လည်ကျင်းပတော့မှာဖြစ်ကြောင်း၊အသင်းဝင်အားလုံး အမျိုးသားညီလာခံကြီး အောင်မြင်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် လူထုတစ်ရပ်လုံးနှင့် လက်တွဲပြီးကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့ ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်းအချို့က ၎င်းတို့၏ တဒင်္ဂအကျိုးသက်သက်ကိုသာကြည့်ပြီး တိုင်းရင်းသားများ၏ ဓလေ့စရိုက် အစဉ်အလာကောင်းများအပေါ် ဖျက်လိုဖျက်ဆီး လုပ်ဆောင်လျက်ရှိနေသည်ကို ဂရုပြုကြရမှာဖြစ်ကြောင်း၊ ရပ်ရေးရွာရေးတွင် စုပေါင်းဆောင်ရွက်တတ်သည့် မြန်မာတို့၏ ဓလေ့အစဉ်အလာကောင်းများကို အခမ့လုပ်အားပေး စေခိုင်းမှုများအဖြစ် ပုံဖော်ပေးနေခြင်းများ၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီကြသည့် အစဉ်အလာကောင်းများအတိုင်း လုပ်ဆောင်နေကြသည့် မွန်မြတ်သည့်လူမှုကရုဏာလုပ်ငန်းများအပေါ် အမြတ်ထုတ်နိုင်အောင် ကြိုးပမ်းနေမှုများ၊ ကိုးကွယ်ယုံကြည်ရာဘာသာရေးကိစ္စများ၌ပါ လူထုဆူပူအုံကြွမှု ဖြစ်လာအောင် အဖျက်အမှောင့်ပယောဂများနှင့် လုပ်ဆောင်နေမှုများ ရှိနေကြသည်ဆိုသည်ကို ဂရုပြုရမှာဖြစ်ကြောင်း။

အရာရာကိုကြည်လင်သည့်အမြင်နှင့် ရှုမြင်တတ်ရမှာ ဖြစ်ကြောင်း၊ လက်တွေ့ဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများကို နိုင်ငံတော်နှင့်နိုင်ငံသားများ၏ ရေရှည်အကျိုးအတွက် ဆန္ဒစွဲ၊ အတ္တစွဲ၊ ဝါဒစွဲ၊ မာနစွဲကင်းကင်းနှင့် မှန်ကန်စွာရှုမြင်နိုင်ကြရမှာဖြစ်ကြောင်း၊ အသိအမြင်မှန်မှသာ အလုပ်အကိုင်မှန်ပြီး အကျိုးစီးပွားဖြစ်ထွန်းမှာဖြစ်ကြောင်း။

မိမိတို့ဒေသ၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏အကျိုးကို နိုင်ငံတော်ကိုချစ်သည့် နိုင်ငံသားများကသာ အလိုလားဆုံးဖြစ် ကြောင်း၊ နိုင်ငံတော်၏ပကတိအခြေ အနေမှန်ကိုလည်း နိုင်ငံသားများကပင်အသိဆုံးဖြစ်ကြောင်း၊တိုင်းတစ်ပါးက ပကတိအခြေအနေကို အမှန်အတိုင်းမသိသူများ၏ လိုလားချက်များအတိုင်း ပေးကမ်းချီးမြှောက်မှုများကို မျှော်ကိုးပြီး ဆောင်ရွက်ကြမည့်အစား နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှုရှိပြီး ပြည်တွင်းက စစ်မှန်သည့်အားများဖြစ်သည့်နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူများ၏ စွမ်းအားများနှင့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

အသင်းကြီးက ရပ်ရေး၊ ရွာရေးသည် လူမှုရေး၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟုခံယူပြီး ပါဝင်ဆောင်ရွက်နေကြသည့် ရပ်ရေး၊ ရွာရေး၊ လူမှုရေးကိစ္စရပ်များကိုလည်း ပိုမိုတိုးမြှင့် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မွန်မြတ်သည့် စေတနာနှင့် ဆောင်ရွက်နေကြသည့် အခြားသောလူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲပြီး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်ကိုလည်း မှာကြားလိုကြောင်း၊

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **အသင်းဝင်အားလုံး တာဝန်၏ အရေးပါမှုကို နားလည်ပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အားထားရသည့် စည်းရုံးရေးမှူးကောင်း၊ တည်ဆောက်ရေးမှူးကောင်းတစ်ဦးဖြစ်အောင် အစဉ်ကြိုးပမ်းသွားကြပါ။**
- **အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း မိမိတို့၏ နယ်မြေဒေသအသီးသီးတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်နယ်မြေလူထုနှင့်လက်တွဲပြီး ဝိုင်းဝန်းတိုးမြှင့်ဆောင်ရွက်သွားကြပါ။**
- **အသင်းဝင်များသည် ပြည်သူနှင့် တစ်ဆက်တစ်စပ်တည်းရှိကြသူများဖြစ်ကြသည့်အတိုင်း ကြုံတွေ့နေကြရသည့် ရပ်ရေး၊ ရွာရေး၊ လူမှုရေးကိစ္စရပ်များတွင် ပြည်သူများအကျိုးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြပါ။**
- **တိုင်းရင်းသား ပြည်သူများအကြား စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ အမျိုးသားညီလာခံကြီးအောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ဆောင်ရွက်သွားကြပါ**

ဟု မှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

မုဒုံမြို့နယ် ကွေ့ဝမ်းအခြေခံပညာကျောင်းများ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၇

မွန်ပြည်နယ် မုဒုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ ကြီးကြပ်စီစဉ်မှုဖြင့် ကွေ့ဝမ်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မီးလင်းရေးကော်မတီက ကွေ့ဝမ်းအခြေခံပညာကျောင်းများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၄ ရက်က ကွေ့ဝမ်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဆန်းဦးနှင့် ကွေ့ဝမ်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်တို့က လှူဒါန်းရခြင်း၏ အကြောင်းကို ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကွေ့ဝမ်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်မာမာအေးတို့က ကွေ့ဝမ်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ ငွေကျပ်သုံးသိန်း၊ ကွေ့ဝမ်းအခြေခံပညာ မူလတန်းလွန်ကျောင်းသို့ ငွေကျပ်လေးသိန်းငါးသောင်း၊ကော့ခိုက်အခြေခံပညာ မူလတန်းကျောင်းသို့ ငွေကျပ်နှစ်သိန်းနှင့် တပ်ရင်းတပ်ဖွဲ့ရှိ အခြေခံပညာ မူလတန်းကျောင်းသို့ ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် ဆယ်သိန်းငါးသောင်းကို ပေးအပ်လှူဒါန်းသည်။**(အပေါ်ပုံ)(သတင်းစဉ်)**

28-6 (06) 1 6/27/07, 1:09 PM

ဒလမြို့နယ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး

သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး တစ်မြို့နယ်လုံး ယင်လုံအိမ်သာသုံးစွဲ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ဇွန် ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်အတွင်း သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ကျန်းမာရေးပညာပေး ဟောပြောနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒလမြို့နယ် မိုးရာသီ သစ်ပင်နှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒလမြို့နယ် ပြည်သူ့ဆေးရုံသို့ နံနက် ၇ နာရီက ရောက်ရှိရာ ဆေးရုံအစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် ဒလမြို့နယ် ဆရာဝန်ကြီး ဒေါက်တာနီနီမူတို့က ရန်ကုန်တိုင်းနှင့်ဒလမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားမှု အခြေအနေများ၊ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် ကုသရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက သွေးလွန်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးအတွက် သန့်ရှင်းရေး၊ ရေစီး ရေလာကောင်းမွန်ရေး၊ ဖုံး၊သွန်၊လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ရေး၊ ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအတွက် တစ်မြို့နယ်လုံး ယင်လုံအိမ်သာ ရာနှုန်းပြည့် အသုံးပြုရေးတို့ကိုမှာကြားပြီး ရှင်းလင်းတင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ဒလမြို့နယ် မြို့မ(၄)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဒေါ်သာချောင်းအတွင်း အမှိုက်များဆယ်ယူနေမှုနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုများ**(အပေါ်ပုံ)**၊ အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်းအတွင်း ကျန်းမာရေးပညာပေး ဟောပြောနေမှုများနှင့် ရှင်စောပုလမ်းအတွင်း ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ပျိုးပင်များပေးအပ်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဒလ-ဓနုတ် ကားလမ်းဘေး ဝဲယာ သနပ်ပင်ချောင်းအနီးတွင် ကျင်းပသည့် ဒလမြို့နယ် မိုးရာသီသစ်ပင်နှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များပေးအပ်သည်။

လိုက်လံကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မိုးရာသီ ရတနာတန်းဝင် အပင်နှင့် ခြံစည်းရိုးကြက်ဆူပင်များအား အမှတ်တရစိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၏ လမ်းဘေး ဝဲယာတစ်လျှောက် ရတနာတန်းဝင်အပင်နှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများစာရင်းထုတ်ပြန်

ရန်ကုန် ဇွန် ၂၇

၂၀၀၇ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က **“မိသားစုဖွံ့ဖြိုး နိုင်ငံတော်တိုးတက် အမျိုးသမီးများစွမ်းဆောင်ချက်”** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော ဆောင်းပါးပြိုင်ပွဲအတွက် ဆုရရှိသူများ၏အမည်စာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီက ဇွန် ၂၅ရက်က ထုတ်ပြန်ကြေညာသည်။

ဆုရရှိ

အဆိုပါပြိုင်ပွဲတွင် ပထမဆုကို မစောဣန္ဒာသက်မောင်၊ ဒုတိယဆုကို ဒေါက်တာ ချိုချိုတင့်(မတင့်-မြန်မာစာ)၊ တတိယဆုကို ဒေါ်သင်းသင်းဦး (ရှိန်းမြသင်း)တို့က ရရှိသည်။ အထူးဆုများကို ဦးလှမြင့်(လှမြင့်-ရန်ကုန်တက္ကသိုလ်)၊ ဦးတင်ထွန်း(ချယ်ရီမြေ-မောင်တင်ထွန်း)၊ ဒေါက်တာ စုစုခိုင်၊ ဒေါ်သန်းသန်းစိုး(သွဲ့ထားညို-သက္ကလ)၊ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး)၊ ဒေါက်တာ နွယ်နွယ်စိုး(နွယ်လေး-မြန်မာစာ)တို့က ရရှိကြသည်။

ပေးအပ်ချီးမြှင့်

ဆုရရှိသူများအနက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ၂၀၀၇ ခုနှစ် ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ ဆုများကို ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး အထူးဆုရရှိသူများအား မိမိတို့၏ တိုင်းနှင့်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များက ကျင်းပကြမည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် ဆုများကို ပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။

ဆုရရှိသူများသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမှတ်-၁၃၂ သံလွင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၁၇၇၃ နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၁၃၄၂တို့သို့ ဇွန် ၃၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် ကိုလိုနီစရိုက်ကိုဖျောက်၊ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကိုစောင့်ရှောက် ဆောင်ပုဒ်အတိုင်း လိုက်နာကျင့်သုံး

နေပြည်တော် ဇွန် ၂၇

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးတက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့ ပြည်ထဲရေးဝန်ကြီးဌာနသည် အုပ်ချုပ်ရေးအပိုင်းကို တာဝန်ယူ ဆောင်ရွက်ရသည့်အတွက် အခြားသော ဝန်ကြီးဌာနများနှင့် လုပ်ငန်းသဘော သဘာဝခြင်း ကွဲပြားခြားနားမှုများရှိကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူလူထုနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်ဆံရေးပိုင်းမှအစ ရပ်ရွာ အေးချမ်းသာယာရေးအပိုင်းအထိ တာဝန်ယူနေရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် နိုင်ငံရေးနှင့် ပတ်သက်သည့် အတွေးအခေါ်များ အမြဲရှင်သန်နေရန် လိုအပ်သကဲ့သို့ လက်တွေ့လုပ်ကိုင်နေရသော လုံခြုံရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးအပိုင်းများကိုလည်း မျက်ခြည်ပြတ်၍မရကြောင်း၊ မိမိတို့အောက်ရှိ အရာထမ်း၊ အမှုထမ်းများ၏ သက်သာချောင်ချိရေး၊ ဝန်ထမ်းစည်းကမ်း စည်းမျဉ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ အထက်ကချမှတ်ပေးသည့် မူဝါဒအတိုင်း အပြည့်အဝ အကောင်အထည်ဖော် လိုက်နာရေး၊ အုပ်ချုပ်မှု ဆိုင်ရာကိစ္စရပ်များအတွက် တာဝန်ရှိသူများကိုယ်တိုင် ဦးစီးဦးဆောင်ပြု၍ အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ကြီးကြပ်ရန် လိုအပ်ကြောင်း။

မှန်မှန်ကန်ကန်

တပ်ဖွဲ့ဝင်များသည် ပြည်သူများအား မိမိတို့ကြောင့် ဝန်မပိစေရန် အထူးဂရုစိုက်ကြရန် အရေးကြီးကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုစိုက်ပျိုးရေးနိုင်ငံအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသဖြင့် မိမိတို့ကိုယ်တိုင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့စိုက်ပျိုးရန် လိုအပ်သကဲ့သို့ တပ်ဖွဲ့ဝင် မိသားစုများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် နည်းလမ်းများ ရှာကြံပေးကြရန် ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် ညွှန်ကြားချက်၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ကိုလိုနီစရိုက်ကိုဖျောက်၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို စောင့်ရှောက် ဟူသော ဆောင်ပုဒ်အတိုင်း တိတိကျကျ မှန်မှန်ကန်ကန် လိုက်နာကျင့်သုံး ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ရည်မှန်းချက်

ထို့နောက် ပြည်နယ်နှင့် တိုင်းရဲတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအလိုက် ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး

ရန်ကုန် ဇွန် ၂၇

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးနှင့် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီက လှိုင်မြို့နယ်အမှတ်(၁)ရပ်ကွက် ဇေယျမင်္ဂလာ စာသင်တိုက် ခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို အဖွဲ့အတွင်းရေးမှူး ဦးလင်းဇော်ခိုင် (လင်းဇော်ခိုင်)နှင့် ဘဏ္ဍာရေးအစီရင်ခံစာကို ဘဏ္ဍာရေးမှူး ဦးဝင်းနိုင်(မင်းဆက်ပိုင်)တို့က ဖတ်ကြားတင်သွင်းကြသည်။ ဆက်လက်၍ လစ်လပ်လျက်ရှိသော အမှုဆောင်အဖွဲ့ဝင်နှစ်ဦးနေရာတွင် ဦးအေးသိန်း(အေးသိန်း)နှင့် ဦးလှမင်း(အောင်ကျော်မင်း)တို့အား ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ် ဦးမြတ်စိုး(မြတ်စိုး-လှိုင်)က စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားတွင် အမျိုးသားစာပေဆုရ ဆရာမကြီး ဒေါ်ကြန်(မကြန်)၊ ဦးဆွဲ(မောင်သစ္စာ-သမိုင်းသုတေသန)နှင့် မောင်မောင်ထွန်းအောင်(ကျန်းမာရေး)**(ဝဲပုံ)**တို့ သုံးဦးနှင့် နိုင်ငံတော်အဆင့်စာပေဆုရ ဦးရဲဝင်း(ဝင်းဝေနောင်)၊ ဦးကိုကို(ကိုကို-သုတေသန)နှင့် ဦးဝင်းနိုင်(မင်းဆက်ပိုင်)တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ **(၁၀၈)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် အား ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီ ကာကုမာရဆွာမိနှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်အား ကလေးသူငယ်များနှင့်လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိနှင့် အဖွဲ့သည် ဇွန် ၂၅ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အသင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

အမှတ်တရလက်ဆောင်ပေး

ထို့နောက် ဧည့်သည်တော်အဖွဲ့၏ သိရှိလိုသည်များကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များက ပြန်လည်ဖြေကြားကြပြီး အမှတ်တရ လက်ဆောင်များကို ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဧည့်သည်တော် မစ္စရာဒီကာကုမာရဆွာမိသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ခန်းမအတွင်း ပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ပြည်နယ်၊ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ကျွန်ုပ်တို့...

ဣန္ဒြေရှင့်ဇာတိနွယ်

(တေးထပ်)

❖ မျိုးရိုးရှိန် ထိန်ဝေတင့်
သိန်သရေဆင့် သမ္မာရှိတယ်၊
ဣန္ဒြေရှင့် သမာဓိကြွယ်၊
ဇာတိနွယ်ထင်ရှား။

❖ မြန်မာတို့ ပုံရိပ်လွှာမှာ
ဂုဏ်သိက္ခာ မြင့်မြတ်သူများ။
သိမ်မွေ့တဲ့ ပြုံးရွှင်စွာရယ်
ဘုန်းအင်္ဂါ တောက်ကြွား၊
ထုံးစဉ်လာ မဖောက်ပြားပါဘု
ထောက်ထားငဲ့ သစ္စာ၊
ကိုယ့်ရိုးရာ ကိုယ့်မာန်ပွားစေမယ့်
ကိုယ့်ဟန်များ မြတ်နိုးတွယ်တာ၊
ကိုယ့်စံတရား ကိုးကွယ်ကာရယ်
မျိုးနွယ်မဟာ ရှင်ကြည်သန့်ပါဘိ
ယဉ်တည်ခံ့ ဖြိုးသစ်ဝေ
မျိုးချစ်မယ်တွေ။

❖ တိုးပွားဖို့ နိုးကြားမသွေတယ်
ဘိုးဘွားအမွေ စောင့်ထိန်းလို့လေး......။
လှလွန်းပေ့ တင့်ဆန်းဟန်မှာ
တစ်ပွင့်ပန်းပန် နန်းဆန်ရဲ့လေး......။
အသိသတိ ပွားများဉာဏ်ရယ်
ငါးပါးကံ လုံလွှန်းလှလေး......။ ။

(မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်–)

ရေနံ့သာမောင်(ပညာရေးသုတေသန)

● ကျောဖုံးမှ

တာမွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးနှင့် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်း ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်း အတွင်းရှိ တပ်နယ် တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သားနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း ကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သားနှင့် ငါးမျိုးစုံအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ၏ စားအုန်းဆီအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များနှင့် သမဝါယမနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များသို့ လည်းကောင်း၊ သာကေတမြို့နယ် ရှုခင်းသာ အခွန်လွတ်ဈေးရှေ့၌ စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်း သီးပွင့်လျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင်များအား လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား သန့်ရှင်းလတ်ဆတ်သည့် အသားငါးနှင့် ဟင်းသီးဟင်းရွက်များကို ပြင်ပထက် ဈေးနှုန်းသက်သာစွာ ရောင်းချရေး၊ အခွန်လွတ်ဈေးဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2007

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈–၆–၂၀၀၇(ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	ဒါနနဲ့ပဲ ကျေနပ်နေကြမှာလား တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၇:၅၀	ထူးမြတ်တင့်ဆန်းကြာသက်န်း
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	ပြည်တွင်းအနုပညာရေးရာ
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	ဆရာဦးမြင့်လွင်(သန့်–တည်–ပွား) ဟောပြောဆွေးနွေးသော "အပါယ်ပိတ်တရား" (အပိုင်း–၃)အပါယ်သို့ကျရောက်ပုံ
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	ဆီးချို၊ သွေးချိုရောဂါဆိုင်ရာ ဆွေးနွေးမေးမြန်းခန်း(ဒုတိယပိုင်း) ပါမောက္ခဒေါက်တာတင့်ဆွေလတ်
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	သွားမယ်၊ စားမယ် Swe Thai Restaurant
၁၀:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀	သစ်ရွက်ဆွေးသဘာဝမြေဩဇာ ပြုလုပ်သုံးစွဲပါ (ဝိုင်းစုခိုင်သိန်း၊ ဒါရိုက်တာ–ဖုန်းမြင့်အောင်)
၁၀:၄၅	တစ်ကိုယ်တော်တေးစုကဏ္ဍ (ဂရေဟမ်)
၁၁:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	ကျန်းမာရေးကဏ္ဍ (လေဖြတ်လူနာပြုစုခြင်းသိကောင်းစရာများ) (ဦးနှောက်နှင့်အာရုံကြော အထူးကုသမားတော်–ဒေါက်တာသန့်ဇင်စိုးနှင့် တွေ့ဆုံခြင်း) (အပိုင်း–၂)
၁၁:၄၅	မိုးလေဝသခန့်မှန်းချက်
၁၁:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅	ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား
၁၂:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၁၀	ပန်းတစ်ပွင့်တောင်မှ ကြည်ညိုဖွယ်ရာများ
၁၂:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀	ကုသိုလ်ပါရမီခိုင်မြဲဖို့ ကြေးပိဋကတ်လှူဒါန်းစို့
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အထက(၁) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူကြမည်

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပရေး အစည်းအဝေးကို ဇွန် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် အထက(၁) ကျောင်းဝင်း အတွင်းရှိ အသင်းရုံးခန်း၌ ကျင်းပသည်။ အစည်းအဝေးတွင် သဘာပတိ အသင်းဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်က ဝါဆိုသင်္ကန်းကပ်လှူပွဲများ ကျင်းပခဲ့သည့်သမိုင်းကြောင်းနှင့် အသင်းမှ ဆက်ကပ်လှူဒါန်းနေသည့်မှုများ၊ လုပ်ငန်းအစီအစဉ်များကို တင်ပြဆွေးနွေးသည်။ ထို့နောက် ကျောင်းသားဟောင်းများဖြစ်ကြသည့် ဦးအေးကို၊ ဦးစိုးသန်း၊ ဦးကျော်ဆန်းထွန်းနှင့် ဦးချစ်အောင်တို့က အကြံပြုဆွေးနွေးကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် (ဝါဆိုလဆန်း ၁ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် မြောက်ဥက္ကလာပ ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်း၌ ကျင်းပမည် ဖြစ်သည်။ ဆရာတော်၊ သံဃာတော် ၅၄ ပါးတို့အား လှူဒါန်းရန်အတွက် ဆက်သွယ်လိုပါက မြတ်မင်္ဂလာကျောင်း ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသြဘာသ ဖုန်း–၆၉၀၄၉၉၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့် ဖုန်း–၀၉–၅၁–၉၇၇၇၇၊ ၀၁–၂၅၂၇၇၇၊ ဦးချိုအေး၊ ဦးအေးကို ဖုန်း–၆၉၉၅၁၈၊ ၆၉၉၅၁၁၊ ဦးစိုးသန်း ဖုန်း–၅၅၉၀၇၄၊ ဦးကျော်ဆန်းထွန်း ဖုန်း–၀၉–၅၁–၀၃၀၀၈ နှင့် ဦးဆုတင်၊ ဦးစိန်ဝင်း (မြို့နယ်ပညာရေးမှူး) ဖုန်း–၆၉၉၄၈၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လားရှိုးမြို့ ကိုယ်ပွားသတင်းစာတိုက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဇွန် ၂၀ ရက်က ကျင်းပရာ စွန်းလွန်းကျောင်းတိုက်မှ ဆရာတော် အရှင်ဒေဝိန္ဒနှင့် သံဃာတော် ငါးပါးတို့အား တာဝန်ခံအရာရှိ (စာတည်း) ဦးဇော်လွင်၊ ဇနီး ဒေါ်နီလာဝင်းနှင့် ဝန်ထမ်းများက အန္တရာယ်ကင်း ပရိတ်တရားနာကြား၍ အရဏ်ဆွမ်းဆက်ကပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

ထို့နောက် ညနေပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်ပရိသတ်တို့အား ကျွေးမွေးဧည့်ခံခြင်း၊ ဌာနတံဆိပ်ပါ အင်္ကျီတို့အား လက်ဆောင်ပေးအပ်၍ တာဝန်ခံအရာရှိနှင့် ဇနီးတို့က ဝန်ထမ်းများအား နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဝတ်စုံများပေးအပ်ခြင်း၊ ကံစမ်းမဲများ ဖောက်ပေးခြင်းနှင့် ဝန်ထမ်းများအား ပျော်ရွှင်ရေးအတွက် ပြိုင်ပွဲ၊ ဆုပေးပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် ပထမဝါဆိုလဆန်း ၁၄ ရက် (အဖိတ်နေ့)

၂၈–၆–၂၀၀၇ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅	၆။	အကပဒေသာ
၈:၂၀	၇။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	တေးဂီတအစီအစဉ်
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ပထဝီဝင်အထူးပြု) [ပထဝီဝင်]
၁၆:၅၀	၅။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၀၀	၆။	**"သစ်ကောင်းတစ်ပင်"** နဒီစိုး၊ ပြည့်စုံသျှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂဠုန် (ဒါရိုက်တာ–မိုးထက်လူ (သစ်တော)
၁၇:၁၀	၇။	တေးဂီတအစီအစဉ်
၁၇:၂၀	၈။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၃၀	၉။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၇:၄၅	၁၀။	စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ (အပိုင်း–၂)
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	သီရိဂေဟာ
၁၈:၅၅	၁၄။	Discovery
၁၉:၁၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေရောင်သန်းသော အသည်းနှလုံး** (အပိုင်း–၁၄)
	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြမ္မာနတ်သမီး** (အပိုင်း–၁၅)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး အရိုးရောဂါကုဆေးရုံကြီးသို့ ဆေးပဒေသာပင်လှူဒါန်းပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၂၇

ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲနှင့် ဆေးပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်ရှိ အရိုးရောဂါအထူးကုဆေးရုံကြီးဝင်းအတွင်း၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက်ချီးမြှင့်ပြီး ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များအား ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်လှိုင်က ဆေးရုံကြီး၏ ဖွဲ့စည်းပုံကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် သတ်မှတ်သည့်နေရာများ၌ ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးပေးကြကာ ဆေးရုံကြီးဝင်းအတွင်း၊ အပြင်တစ်လျှောက် ရန်ကုန်အနောက်ပိုင်း ခရိုင်၁၃ မြို့နယ်မှ လူမှုရေးအသင်းအဖွဲ့ဝင်များ တပျော်တပါး စုပေါင်းအထူးသန့်ရှင်းရေး ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆေးရုံကြီး အစည်းအဝေးခန်းမ၌ဆေးပဒေသာပင် လှူဒါန်းပွဲကိုကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ဆေးပဒေသာပင် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အလှူရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်မိသားစုက ငွေကျပ်တစ်သိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကငွေကျပ်နှစ်သိန်း၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ (အငြိမ်းစား)– ဇနီး ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး) မြတ်လေးရုံမိသားစုက ငွေကျပ်တစ်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များ၊ မြို့နယ်အသီးသီးမှဆေးခန်းများ၊ သီရိမင်္ဂလာဈေး၊ ကြည့်မြင်တိုင်ညဈေးသာယာရေးအဖွဲ့နှင့် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ငါးဆယ့်ငါးသိန်း ခုနစ်သောင်းနှစ်ထောင်ကိုပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်၊ အရိုးအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာညွန့်လှိုင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိနှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဝန်ကြီးဦးစိုးသာနှင့် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေတို့အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာအား ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိနှင့်အဖွဲ့သည် ယမန်နေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင်ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

လာရောက်တွေ့ဆုံ

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာ ကုမာရဆွာမိနှင့် အဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မေခလာခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာ ကုမာရဆွာမိနှင့်အဖွဲ့အား နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အရွယ်မရောက်သူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော် (၁၂၂)ကြိမ်မြောက် ဆေးပဌာန်းလှူဒါန်းပူဇော်ပွဲ

ရန်ကုန် ဇွန် ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ မြို့၏ကျက်သရေဆောင် ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရဝဏ်အတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၂၂)ကြိမ်မြောက် ဆေးပဌာန်းထောက်ပံ့လှူဒါန်းပူဇော်ပွဲကို (၁၃၆၉ခုနှစ်၊ ဝါခေါင်လကွယ်နေ့)ယခုနှစ် စက်တင်ဘာ ၁၁ရက်မွန်းတည့် ၁၂ နာရီတွင် မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော်မြတ်ကြီး၏မွှာရုံ၌ကျင်းပမည်ဖြစ်သည်။

ခွဲဝေထောက်ပံ့

အဆိုပါ ဆေးပဌာန်းထောက်ပံ့လှူဒါန်းပွဲသို့ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းပေါင်း၁၀၈ကျောင်းနှင့် သီလရှင်ကျောင်းသုံးကျောင်းတို့မှ ကြွရောက်တော်မူလာမည့် ဆရာတော်၊ သံဃာတော်၊ သီလရှင် စုစုပေါင်းအပါး ၅၀၀၀ကျော်တို့အတွက် စေတနာရှင်များလှူဒါန်းခဲ့သည့် ဆေးဝါးများ၊ လှူဖွယ်ပစ္စည်းများ ခွဲဝေထောက်ပံ့ လှူဒါန်းသွားမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ဆေးပဌာန်းထောက်ပံ့လှူဒါန်းပွဲသို့ ဆေးတိုက်ပိုင်ရှင်များ၊ စေတနာရှင်များ၊ အလှူရှင်များ၊ အသင်းအဖွဲ့အစည်းများ၊ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းလိုသူများ၊ ထောက်ပံ့လှူဒါန်းနိုင်ရေးအတွက် မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ဖုန်း–၀၅၇–၂၄၆၈၀၊ ဆေးပဌာန်းထောက်ပံ့လှူဒါန်းပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း–၀၅၇–၂၅၅၃၁၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း အင်းဝလမ်း အမှတ် ၁၇ (ဘယ်ဘက်၊ ဒုတိယထပ်) ဖုန်း–၀၁–၇၂၈၂၃၇၊ ရန်ကုန်မြို့ ရွှေတိဂုံအနောက်ဘက်စောင်းတန်း အောက်ပစ္စယာ မော်လမြိုင်အသင်း(ရန်ကုန်) ဖုန်း–၀၁–၂၅၆၁၅၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထက (၃) ကျောင်းခန်းမတွင် ပြုလုပ်ရာ မူးယစ်ဆေးဝါး စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော Grade-9 မှ ကျောင်းသူ မနန်းငင်းဟွမ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင်က ဆုချီးမြှင့်စဉ်။ (က–ပ)

ရောဝတီတံတား(မကွေး) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ရန်ကုန် ဇွန် ၂၇

ရောဝတီတံတား(မကွေး) ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို မကွေးဘက်တွင် အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့် (၃)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့် (၂)အကြားမှလည်းကောင်း ဖွင့်လှစ်ထားသည်။

ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို ဇွန် ၉ ရက်မှစ၍ မကွေးဘက်တွင် အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄)အကြားမှ ပြောင်းလဲသတ်မှတ်ထားပြီး အစုန်လမ်းကို လက်ရှိလမ်းကြောင်းအတိုင်း ရေလယ်တိုင် အမှတ်(၂)နှင့် (၃)အကြားမှပင် ဆက်လက်သတ်မှတ်ပေးထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိ၍ ကင်းလွတ် အမြင့်မှာ ၁၇မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်း ပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်းပြသထားသည်။

နှိုးဆော်ချက်ထုတ်ပြန်

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ၂၀ခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်း ဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်နှင့် ပြည်နယ်၊ တိုင်းနှင့် ခရိုင်ရုံးများ၏ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန်၂၆ရက်က ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူးဦးသိန်းလွင် အဖွင့်အမှာစကားပြောကြားစဉ်။

(က–ပ)

ဝန်ကြီးဗိုလ်ချုပ်စောထွန်း ရောဝတီတံတား(ရတနာပုံ)စစ်ဆေး လုပ်ငန်းများ သတ်မှတ်ချိန်မီပြီးစီးရေး ဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဇွန် ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးစီမံကိန်း မန္တလေး ဘက်ကမ်း လုပ်ငန်းခွင်သို့ရောက်ရှိကြပြီး မန္တလေးဘက်ကမ်းမှ ဧရာဝတီတံတား(ရတနာပုံ)ပေါ်သို့ မော်တော်ယာဉ်များဖြင့်တက်ရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာများက ဝန်ကြီးအား လေဒဏ်ထိန်းချုပ်တန်းများ တပ်ဆင်နေမှုကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ယင်းနောက်ဝန်ကြီးက ကျန်ရှိသည့်လုပ်ငန်းများကို သတ်မှတ်ချိန်အမီ စီမံချက်အတိုင်းဆောင်ရွက်ကြရန်မှာကြားသည်။

ယခုအခါ တံတားကြီး၏အချောသပ်လုပ်ငန်းများ၊ ပင်မခုံးတံတားထိန်းသံပေါင်(Suspender)များကို အားဖြည့်သည့် လေဒဏ်ထိန်းချုပ်တန်းများ တပ်ဆင်လျက်ရှိသည်။

စစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်လမ်းလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယှဉ်ပြိုင်

ဇွန် ၂၇ရက်က ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲ၌ (ဇ)အုပ်စုမှ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

(သတင်း–ကျော်ဖုံး)(သတင်းစဉ်)

ဘရာဇီး ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အစိုးရက ဒေါ်လာ ၃၉ ဘီလီယံ သုံးစွဲမည်

ရီယိုဒီဂျနေရိုး ဇွန် ၂၇

ဘရာဇီးနိုင်ငံရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမေရိကန်ဒေါ်လာ ၃၉ဘီလီယံကုန်ကျမည့် စီမံကိန်းတစ်ရပ်ကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဘရာဇီးအစိုးရက ဇွန် ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (ပီအေစီ)ဟု အမည်ပေးထားသော စီမံကိန်း၌ ကျေးလက်ဒေသ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ ကျေးရွာများ သောက်သုံးရေရရှိရေး လုပ်ငန်းများ စသည်တို့အပါအဝင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုစီမံကိန်းကို ပြည်နယ်အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ဘရာဇီးသမ္မတ လူးဝစ်အင်နာစီရို လူလာဒါစီးလ်ဗာက လက်မှတ်ရေးထိုးခဲ့ပြီးနောက် ယခုသီတင်းပတ်မှ စတင်ကာ စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်မည်ဖြစ်သည်။

ကာကွယ်ရေး

ပြည်နယ်ဒေသများအလိုက် ရန်ပုံငွေများ ခွဲဝေသတ်မှတ်ပေးပြီးဖြစ်ရာ ကျေးလက်ဒေသများ ရေလွှမ်းမှုမှ ကာကွယ်ရေးလုပ်ငန်းများလည်း ပြုလုပ်ပေးသွားမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆော်ဒီအာရေဗျ၌မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်မည်

ရီယာ့ဒ် ဇွန် ၂၇

ဆော်ဒီအာရေဗျနိုင်ငံသည် မူးယစ်ဆေးဝါးသုံးစွဲမှု တိုက်ဖျက်ရေးအတွက် အဖွဲ့အစည်းတစ်ခုကို စတင်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ဆော်ဒီအာရေဗျ သတင်းဌာနက ဇွန် ၂၄ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

မူးယစ်ဆေးစွဲနေသူများနှင့် ၎င်းတို့၏ မိသားစုများအား မူးယစ်ဆေးဝါးသုံးစွဲမှုတိုက်ဖျက်ရေး၌ အောင်မြင်မှုရရှိရန် ရန်ပုံငွေတစ်ရပ် ထူထောင်ပေးမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျ ပြည်ထဲရေးဝန်ကြီး မင်းသားနာယက်ဖ်ဘင် အဗ္ဗဒူလာအဇစ်က ပြောကြားသည်ဟု အဆိုပါသတင်း၌ဖော်ပြသည်။

ဆေးကုသမှု

မူးယစ်ဆေးစွဲနေသူများအား လိုအပ်သော ဆေးကုသမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြုလုပ်ပေးရန် လိုအပ်ကြောင်း ဆော်ဒီအာရေဗျ ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

ပူးပေါင်းပါဝင်

မူးယစ်ဆေးဝါးသုံးစွဲမှု တိုက်ဖျက်ရာတွင် အဆိုပါကဏ္ဍများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့အပြင် ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ မီဒီယာများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း မင်းသားနာယက်ဖ်ဘင် အဗ္ဗဒူလာအဇစ်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်၌ ကားဗုံးခွဲတိုက်ခိုက်

ဘဂ္ဂဒက် ဇွန် ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၏ မြောက်ဘက် ဆာလာဟူဒင်ပြည်နယ် ဘီဂျီမြို့ရှိ ရဲဌာနချုပ်တွင် ဇွန် ၂၅ ရက်က ရေနံတင်ဘောက်ဆာကားဖြင့် ဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၁၅ ဦး သေဆုံးပြီး ၃၀ကျော် ဒဏ်ရာရခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ထိုနေ့ နံနက်ပိုင်းက ၎င်းမြို့ ရဲဌာနချုပ် ဝင်ပေါက် အတွင်းသို့ အသေခံဗုံးခွဲသမားက ဖောက်ခွဲရေးပစ္စည်းအပြည့် တင်ဆောင်ထားသည့် ရေနံတင်ဘောက်ဆာကားကို အတင်းမောင်းနှင်ဝင်ရောက်ဖောက်ခွဲခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကြာပန်းအက

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းအပန်းဖြေ ဥယျာဉ်၌ ကြာပန်းအကဖြင့် ကပြဖျော်ဖြေနေသည်ကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်၏ ပြည်ပ ရင်းနှီးမြှုပ်နှံမှု မြင့်တက်

ဟန်နွိုင်း ဇွန် ၂၇

ဗီယက်နမ်နိုင်ငံသည် ယခုအခါ ပြည်ပရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၂၀၀ခန့်ကို အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း ဇွန် ၂၄ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စီမံကိန်းတစ်ခုလျှင် ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာငါးသန်း ရင်းနှီးမြှုပ်နှံလျက်ရှိရာ ခန့်မှန်းတွက်ချက်မှုအရ လုပ်ငန်းစီမံကိန်း ၁၅ခု၌ အမေရိကန်ဒေါ်လာ ၈၉ဒသမ ၅သန်း ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဝန်ကြီးဖန်နုသန်က ပြောကြားသည်။

မျှော်မှန်းထား

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံခြား၌ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်း ၃၀၀ ထားရှိရန် မျှော်မှန်းထားသည်။ တစ်ချိန်တည်းမှာပင် တိုက်ရိုက်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၂ဒသမ ၂ ဘီလီယံကိုလည်း ရင်းနှီးမြှုပ်နှံမည်ဟုလည်း မျှော်မှန်းထားသည်။

ယခင်နှစ်က ဗီယက်နမ်နိုင်ငံသည် နိုင်ငံပေါင်း ၄၀တွင် အမေရိကန်ဒေါ်လာ သန်း ၃၅၀ ရင်းနှီးမြှုပ်နှံခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ အဓိကရင်းနှီးမြှုပ်နှံသည့် နိုင်ငံများမှာ လာအို၊ ရုရှား၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်ရာ လာအိုနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး အုန်းသီး

ကမ္ဘာပေါ်၌ အကြီးဆုံး အုန်းသီးတစ်လုံးကို တွေ့ရစဉ်။ (အပေါ်ပုံ)

ပြင်သစ်နိုင်ငံ ကမ်းလွန်ပင်လယ်ပြင်မှ ဆယ်ယူရရှိသော အုန်းသီးတစ်လုံးမှာ အလေးချိန် ၃၂ ကီလိုဂရမ်ရှိရာ ကမ္ဘာပေါ်၌ အကြီးဆုံး အုန်းသီးတစ်လုံးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့အကြီးဆုံး ဆလတ်ရွက်ဟင်း

ကမ္ဘာပေါ်တွင် အကြီးဆုံး ဆလတ်ရွက်ဟင်းတစ်ပွဲကို တွေ့ရစဉ်။ (အောက်ပုံ)

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ မြို့သူမြို့သားများ စုပေါင်းပြုလုပ်ထားသော ဆလတ်ရွက်ဟင်းသည် စုစုပေါင်းအလေးချိန်နှစ်တန်ရှိရာ ကမ္ဘာပေါ်၌ အကြီးဆုံး ဆလတ်ရွက်ဟင်းပွဲဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်တွင် လေးလအတွင်း တာလီဘန်လက်နက်ကိုင် ၁၅၀၀ ကျော်သေဆုံး

ကဘူးလ် ဇွန် ၂၇

အာဖဂန်နစ္စတန်တွင် ပြီးခဲ့သည့် လေးလအတွင်း အာဖဂန်တပ်ဖွဲ့ဝင်များနှင့် အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် တာလီဘန်လက်နက်ကိုင် ၁၅၀၀ ကျော် သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန် ပြည်ထဲရေးဝန်ကြီးဌာနက ဇွန် ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။

ထုတ်ပြန်

ပြီးခဲ့သည့် မတ်လမှစတင်၍ အာဖဂန်တပ်ဖွဲ့ဝင်များ၊ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များက စစ်ဆင်ရေး(၇၉)ကြိမ်ဆင်နွှဲခဲ့ရာ သောင်းကျန်းသူ ၁၅၅၄ ဦး သေဆုံးခဲ့ပြီး ၇၀၀ ကျော် ဒဏ်ရာရရှိသွားခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်၌ ပါရှိသည်။

သို့ရာတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၊ အာဖဂန်တပ်ဖွဲ့ဝင်များ၏ အသေအပျောက်စာရင်းကိုမူ သတင်းမထုတ်ပြန်သေးကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သီရိလင်္ကာအရှေ့ပိုင်း ကမ်းရိုးတန်း၌ ငါးဖမ်းမှုပိတ်ပင်

ကိုလံဘို ဇွန် ၂၇

သီရိလင်္ကာနိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းတစ်လျှောက် အပန်းဖြေနေရာများတွင် ငါးဖမ်းခြင်းမပြုရန် သီရိလင်္ကာရေတပ်က ပိတ်ပင်တားမြစ်လိုက်ကြောင်း သီရိလင်္ကာအရာရှိများက ဇွန် ၂၄ ရက်၌ ပြောကြားသည်။

အဆိုပါ တားမြစ်ချက်ကို ဇွန် ၂၂ ရက်မှ စတင်ကာ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း တစ်နေ့လျှင် သုံးနာရီခန့်ငါးဖမ်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ခွင့်ပြု

ယခင်က နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ သီတင်းတစ်ပတ်လျှင် လေးရက် ငါးဖမ်းခွင့်ပြုခဲ့သည်။ ယခုအခါ သီတင်းတစ်ပတ်လျှင် တစ်နေ့သုံးနာရီခန့်သာ ခွင့်ပြုမည်ဖြစ်သည်။

ယခုထုတ်ပြန်ခဲ့သည့် ငါးဖမ်းမှု တားမြစ်ချက်ကို ပြီးခဲ့သည့်နှစ် ဩဂုတ်လမှ စတင်ကာ ထုတ်ပြန်ရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

လက်ဘနွန်တောင်ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက် ကုလငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ငါးဦးသေဆုံး

ခီယန် ဇွန် ၂၇

လက်ဘနွန်နိုင်ငံ တောင်ပိုင်း၌ ဇွန် ၂၄ ရက်က ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ကြောင်း လက်ဘနွန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားများ အပြန်အလှန် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ကုလသမဂ္ဂ ငြိမ်းချမ်းရေး တပ်ဖွဲ့ဝင် ၁၃၀၀၀ ကို ချထားခဲ့ချိန်မှစတင်ကာ ယခုတိုက်ခိုက်ခံရမှုသည် ပထမဆုံး ဖြစ်သည်။

တားဆီး

ယင်းကားဗုံးဖောက်ခွဲ တိုက်ခိုက်မှု မတိုင်မီ အစောပိုင်းကလည်း မပေါက်ကွဲသေးသည့် လမ်းဘေးဗုံးတစ်လုံးကို အချိန်မီတားဆီးနိုင်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ယခုကားဗုံး ပေါက်ကွဲမှုကြောင့် သေဆုံးသွားသော တပ်ဖွဲ့ဝင်များမှာ စပိန်တပ်ဖွဲ့၌ တာဝန်ထမ်းဆောင်နေသည့် ကိုလံဘီယာတပ်ဖွဲ့ဝင် သုံးဦးနှင့် စပိန်တပ်ဖွဲ့ဝင် နှစ်ဦးတို့ ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများနှင့် ကမ်းနီးပင်လယ်ပြင်တစ်လျှောက် ဆက်သွယ်ရေးစနစ်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၇

မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများနှင့် ကမ်းနီးပင်လယ်ပြင် တစ်လျှောက် ဆက်သွယ်ရေးစနစ် ထူထောင်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေး သဘောတူစာချုပ် (Supply Contract between Myanma Post and Telecommunications and Asia Gro Pacific Ltd for CDMA 2000 IX 55000 Subscribers Expansion Project for Seashore Area)ကို ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (Huawei Technology Ltd)၏ ကိုယ်စားလှယ်ဖြစ်သော Asia Gro Pacific Ltd တို့ လက်မှတ်ရေးထိုးချုပ်ဆိုသည့် အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းထွန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်ဦးသိန်းဦးက စီမံကိန်းအရ ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြသည်။

လက်မှတ်ရေးထိုး

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသာဦးနှင့် Asia Gro Pacific Ltd မှ အထွေထွေမန်နေဂျာ Mr. Wong Heng Kit တို့က အသီးသီး နှုတ်ဆက်စကား ပြောကြားကြပြီး ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း e-Library website အတွက် e-Book များပြုစုနိုင်ရန် Book Scannert တစ်ခုကို ZIN 9 ကုမ္ပဏီက ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က လက်ခံသည်။

ဝန်ကြီးဗိုလ်မှူးချုပ် သိန်းဇော်အား မလေးရှားနိုင်ငံ IP Tel Sdn. Bhd ကုမ္ပဏီမှဥက္ကဋ္ဌ Mrs.Tan Sri Nurai-zah Abdul Hamid နှင့် မလေးရှားနိုင်ငံ သံအမတ်ကြီး H.E Dato Shaharuddin Bin Md Som တို့သည် မွန်းလွဲပိုင်းတွင် ဝန်ကြီးရုံးသို့ ခန်းမသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်သွယ်ရေး လုပ်ငန်းများဆိုင်ရာနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာများနှင့် ရတနာပုံမြို့သစ်၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်လှည့် စာကြည့်တိုက်ဖွင့် ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဇွန် ၂၇

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဇွန် ၂၃ ရက်က အမှတ်(၂)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စာကြည့်တိုက်တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့်အတူ စာဖတ်ဝိုင်းကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ရှင်းလင်းတင်ပြ

ဆက်လက်ပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဆန်းတင့်က စာကြည့်တိုက် ရှင်သန်ခိုင်မာရေး ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြပြီး ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဦးတင်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ပြန်းလည်သုံးသပ်

ဆက်လက်၍ ဇွန် ၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ဝဏ္ဏမင်းခေါင်၏ **"အချိန်မီပါသေးတယ်"** ဆောင်းပါးကို စာကြည့်တိုက်အတွင်းရေးမှူး ဦးမောင်မောင်က ဖတ်ကြား၍ တက်ရောက်လာသူများက ဆောင်းပါးပါအကြောင်းအရာကို ဆွေးနွေးကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်က ပြန်လည်သုံးသပ်တင်ပြကာ စာဖတ်ဝိုင်းကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

လှူဒါန်း

ရန်ကင်းပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိုန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် ကျောက်ကုန်း အရိယာမဂ္ဂင်လမ်းနေ ဒေါ်စံသာနု မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်း လှူဒါန်းရာ ရွှေပြည်ဟိုန်း ဆရာတော်(သီတဂူကြာတစ်ပွင့်) အရှင်ခေမာသိရီလင်္ကာရ ထံမှောက်တွင် ဆေးခန်းအထောက်အကူပြု ဒေါက်တာခင်သန်းနွဲ့က လက်ခံယူစဉ်။ (၁၁၅)

လယ်တီစံ မဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စာအောင်ဂုဏ်ပြုပွဲ

ရန်ကုန် ဇွန် ၂၇

ပုဇွန်တောင်မြို့နယ် အမှတ် (၂)ရပ်ကွက် မဟာညောင်ကုန်းကျောင်းတိုက်အတွင်းရှိ လယ်တီစံမဟာစည်သာသနာ့ရိပ်သာတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စာအောင်သံဃာဂုဏ်ပြုပွဲကို ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့) ဝါဆိုလပြည့်နေ့ နံနက် ၉ နာရီတွင်ကျင်းပ၍ ဓမ္မစကြာတရားကို ညနေ ၄ နာရီတွင် ဟောကြားချီးမြှင့်မည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းလှူဒါန်းလိုသူများသည် ကျောင်းအကျိုးဆောင်အဖွဲ့ ဖုန်း–၂၀၁၆၃၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၅၂)**

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှုလွယ်ကူချောမွေ့စေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လှည့်လည် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာ ကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)က လူအား၊စက်ယန္တရားအားတို့ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ ရန်ကင်းမြို့နယ် ဗဟိုဘဏ် အဆောက်အအုံရှေ့ စက်မှု(၁)လမ်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် စက်ယန္တရားဖြင့် ပြုပြင်ထိန်းသိမ်းနေမှုနှင့် ပညာဝတီလမ်း ပြုပြင်ရန် ဆောင်ရွက်လျက် ရှိသောလုပ်ငန်း၊ ကမာရွတ်မြို့နယ်နှင့် လှိုင်မြို့နယ်အတွင်း ဗဟိုလမ်းဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် ဗဟိုလမ်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် လူအား၊စက်ယန္တရားအားတို့ဖြင့် ပြုပြင်ထိန်းသိမ်းနေမှု **(အပေါ်ပုံ)**၊ လှိုင်မြို့နယ် ဗဟိုလမ်းနှင့် ပါရမီလမ်းဆုံအနီး ပါရမီလမ်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် စက်ယန္တရားဖြင့် ပြုပြင်ထိန်းသိမ်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများပြီးစီးရန် လုပ်ဆောင်ရေး မှာကြားသည်။

လိုက်လံကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ်(၁)ရပ်ကွက် ရိုးကြီးချောင်းနှင့် ချောင်းအတွင်းသို့ စီးဝင်သည့် ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် စက်ယန္တရားဖြင့် နုန်းများ ဆယ်ယူရှင်းလင်းမှု၊ အမှတ်(၂၅)အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း မိုးရာသီတွင် ရေဝပ်မှု မရှိစေရေးအတွက် မြေသားဖို့ဆောင်ရွက်မှုနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် တိုးချဲ့ဖောက်လုပ်ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက်အမှာစကားပြောကြားသည်။

ယင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦးနှင့် ဦးညီထွန်း၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ရုံးအဖွဲ့မှူးများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ညှိနှိုင်းအစည်းအဝေးတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦးနှင့် ဦးညီထွန်းတို့က လုပ်ငန်းကဏ္ဍအလိုက် အမှာစကား ပြောကြားကြပြီး အဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက ၂၀၀၇ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

ဖြူးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇွန် ၂၇

ဖြူးမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင်၇ရက် (စနေနေ့)နံနက်၈နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဓမ္မာရုံ(ရွှေကျင်ဓမ္မာရုံရှေ့)၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်မည်

အခမ်းအနားတွင် အသက်(၇၅)နှစ်အထက် သက်ကြီးများအား ပူဇော်ကန်တော့ခြင်း၊ ၂၀၀၅နှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် နံနက်စာဖြင့် တည်ခင်းဧည့်ခံခြင်း အစီအစဉ်များပါဝင်မည်ဖြစ်သည်။

မပျက်မကွက်တက်ရောက်

အသင်းသူ အသင်းသားများအနေဖြင့် အသက်၇၅ နှစ်အထက် သက်ကြီးစာရင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူများ စာရင်းကို ဦးတင့် ဖုန်း-၆၈၁၂၄၉၊ ဦးမြဦး ဖုန်း-၆၆၀၁၃၁၊ ၂၂၉၉၄၅နှင့် ဦးဂုဏ်ရင် ဖုန်း-၀၉-၅၁-၄၈၈၅၃တို့သို့ ဆက်သွယ်ပေးပို့ပါရန်နှင့် ဖြူးမြို့နယ်သူ နယ်သားအားလုံးအသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားထားကြောင်းသိရသည်။ **(က-ပ)**

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက် ၁၂ အခန်း ၁၃နေ ဦးခင်မောင်မြင့်-ဒေါ်နီနီသော် မိသားစုက အမေရိကန်ဒေါ်လာ ၅၀၀နှင့် အက်ဖ်အီးစီ ၁၀၀တို့ကို ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၇

၂၀၀၇ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက တပ်မတော်(ရေ) လှေလှော်ရွက်တိုက်အသင်း(အင်းလျားကန်)၌ ကျင်းပရာ ကာကွယ်ရေး ဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီရေတပ်စခန်း ဌာနချုပ်- ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ စစ်သည်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲတွင် အသင်း၁၃သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ၂၀၀၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့်အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ်-ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား မရမ်းကုန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇွန် ၂၇

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁) စန္ဒိမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဥက္ကဋ္ဌ ဦးတင်အုန်းက ဖတ်ကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးမာတို့က မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။ **(က-ပ)**

အိုလံပစ်နေ့ အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၇

၂၀၀၇ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် စစ်တုရင်အားကစားပြိုင်ပွဲကို ဇွန် ၂၂ရက် မွန်းလွဲ ၁နာရီက ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ပြိုင်ပွဲဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးသက်လွင်က အားကစားဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များ၊ ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်စိုးသက်နှင့် ဒိုင်ချုပ် ဦးသိန်းဇော်အောင်တို့က ပြိုင်ပွဲစည်းကမ်းချက်များ၊ ပွဲစဉ်ဇယားများကို အသီးသီးပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌက စစ်တုရင်ပထမရွှေ့ကွက်ကိုရွှေ့၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဆုချီးမြှင့်

ပြိုင်ပွဲကို ဇွန် ၂၅ရက်အထိ ဆက်လက်ကျင်းပပြီး ပြိုင်ပွဲအပြီးတွင် စစ်တုရင်ပြိုင်ပွဲ အမျိုးသားပထမဦးမဂျီတူး၊ ဒုတိယ ဦးမောင်မောင်၊ တတိယ ဦးအိုက်လှနှင့် နှစ်သိမ့်ဆုရရှိသူများ၊ အထူးပွဲ အမျိုးသမီးပွဲ ယှဉ်ပြိုင်သူ နှစ်ဦးတို့အား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အလှည့်ကျ ဆုချီးမြှင့်ကြကြောင်း သိရသည်။ **(က-ပ)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် တောင်ဥက္ကလာပမြို့နယ် ၁၅ရပ်ကွက်နေ ဒေါ်ခင်မာဦးက မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းသို့ ငွေကျပ်နှစ်သိန်းပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၄ရက်က ပစ္ဆိမာရုံကျောင်းတိုက်တွင် ကျင်းပရာ အလှူရှင် ဒေါ်ခင်မာဦးက မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ကျောင်းကုန်းစိုးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၉၂)

ဦးအောင်နှင့် အများသိစေရန်

ဦးအောင် ၁၂/ဗဟန (နိုင်) ၀၇၂၅၁၃ သည် ၂၉-၅-၂၀၀၃ ရက်တွင် ၄င်း၏ သဘောဆန္ဒ အလျောက် နေအိမ်မှ ဆင်းသွားသည်မှာ လေးနှစ်ကျော်ပြီ ဖြစ်ပါ၍ ကျွန်မနှင့် မည်သို့မျှ သက်ဆိုင် ပတ်သက်ခြင်းမရှိကြောင်း အများသိစေအပ်ပါသည်။

ဒေါ်မေမီဇင်
၁၂/ဗဟန(နိုင်)၀၅၄၂၄၆။

ယာဉ်မောင်းများခေါ်ယူခြင်း

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတွင် လစ်လပ်နေသော လစာနှုန်းကျပ် (၂၁၀၀၀-၁၀၀၀-၂၆၀၀၀)တန်း ယာဉ်မောင်း(၅)ရာထူးများတွင် ခန့်ထားရန် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၁။ မြန်မာနိုင်ငံသားဖြစ်ရမည်။
၂။ ပညာအရည်အချင်း (၈)တန်းအောင်မြင်ပြီး ဖြစ်ရမည်၊ အထောက်အထားတင်ပြနိုင်ရမည်။
၃။ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ။
၄။ ကျန်းမာရေးကောင်းမွန်ပြီး မျက်စိမှုန်သူ၊ မျက်မှန်တပ်သူ မဖြစ်စေရ။
၅။ ယာဉ်မောင်း လိုင်စင်ရရှိပြီးသူ ဖြစ်ရမည်။
၆။ လစာနှုန်းထား (၂၁၀၀၀-၁၀၀၀-၂၆၀၀၀)။
၇။ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းအတွက် သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရဲစခန်းထောက်ခံချက်။
၈။ ယခင်လျှောက်ထားပြီးသူများ လျှောက်ထားရန်မလိုပါ။
၉။ လျှောက်လွှာထုတ်ယူရမည့်နေရာမှာ -
(က) မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး-နေပြည်တော်
(ခ) မော်တော်ယာဉ်ဌာန၊ အမှတ် ၁၉၇-၁၉၉ ကြည့်မြင်တိုင်အောက်လမ်း အလုံ၊ ရန်ကုန်။
၁၀။ လျှောက်လွှာပိတ်ရက် (၈-၇-၂၀၀၇)။

ဗုဒ္ဓံ ဓမ္မံ သံဃံ
မြတ်မင်္ဂလာ အာမခံ စိန်ရွှေရတနာဆိုင်
ဦးအောင်ဘစော+ဒေါ်တင်တင်မြ

မှန်ကန်ပြည့်ဝသော ၁၅ ပဲရည်ပြည့် (Density 17.80) ခေတ်မီဆန်းသစ်သည့် လက်ဝတ်ရတနာများကို သက်သာသောလျှော့တွက်၊ တိကျသောအလေးချိန်၊ မှန်ကန်သော ဈေးနှုန်းတို့ဖြင့် လက်လီ၊ လက္ကား အာမခံ ရောင်းချပေးနေပါသည်။

တစ်ဆင့်ပြန်လည်ရောင်းချလိုသော ရွှေဆိုင်များအား အထူးသက်သာသော လျှော့တွက်နှုန်းထားဖြင့် ရောင်းချပေးနေပါပြီ။ ဝယ်ယူထားသော လက်ဝတ်ရတနာများအား ပြန်လည်လဲလှယ်ခြင်း၊ ရောင်းချခြင်းတို့ကို ပြုလုပ်လိုပါက အာမခံ ဆောင်ရွက်ပေးနေပါသည်။

ဆိုင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အနေဖြင့် ဝယ်ယူအားပေးသူများအား မေတ္တာဖြင့် လက်ဆောင်များ ပေးအပ်နေပါပြီ။

အမှတ် (၅၁၆)၊ မဟာဗန္ဓုလလမ်းမကြီး၊ ရွှေဘုံသာလမ်းနှင့် ၂၈-လမ်းကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၉၄၅၀၊ ၃၈၈၉၄၀၊ ၂၄၆၅၂၈၊ ၀၉၉၉ ၂၀၁၈၈၊ ၀၉၉၉ ၂၅၇၅၀

ဇွန် ၂၄ ရက်က ပဒ္မအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဖလား(က)အဆင့်နှင့်(၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး သက်ငယ်(ဂ)အဆင့်၊ (ခ) အဆင့် တံခွန်စိုက် လက်ရွေ့ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို အောင်ဆန်းအားကစား ပြိုင်ဝင်း မိုးလုံလေလုံခန်းမဦကျင်းပရာ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြည်နယ်နှင့်တိုင်း တံခွန်စိုက်ဒိုင်းဆုကို ရန်ကုန်တိုင်းအားချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

၂၀၀၇ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ရွေ့ပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၂၇

၂၀၀၇ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း လက်ရွေ့ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ဧရာဝတီ ရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမဦကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအပြီးတွင် ပထမနေ့ပွဲစဉ်များကို စတင်ယှဉ်ပြိုင်ကြသည်။ အဆိုပါ ပြိုင်ပွဲတွင် အသင်း(၁၃)သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇူလိုင် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၇-၆-၂၀၀၇

နေပြည်တော်	၃ ဒသမ ၅၄	လက်မ
ကော့သောင်း	၃ ဒသမ ၅၄	လက်မ
ထားဝယ်	၄ ဒသမ ၅၃	လက်မ
မြိတ်	၂ ဒသမ ၉၅	လက်မ
ပြည်	၂ ဒသမ ၈၀	လက်မ
ဖျာပုံ	၂ ဒသမ ၆၈	လက်မ

ဇွန် ၂၆ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသက် (၁၀-၁၅)နှစ် ကာတွန်းပြိုင်ပွဲတွင် တတိယနှင့် ပန်းချီပြိုင်ပွဲတွင် အထူးဆုရ မခိုင်မေသူ (ပညာရေး လေ့ကျင့်ရေးကျောင်း၊ ရန်ကင်း) အား ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်သူ ဆုချီးမြှင့်စဉ်။ (သတင်းဖော်ပြပြီး) (မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အစ္စရေးတို့တိုက်ခိုက်မှု ဂါဇာ၌ ကိုးဦးသေဆုံး၊ ၁၂ဦး ဒဏ်ရာရ

ဂါဇာ ဇွန် ၂၇

ပါလက်စတိုင်းနိုင်ငံ ဂါဇာကမ်းမြောင်ဒေသသို့ အစ္စရေးတပ်ဖွဲ့ဝင်များက ဇွန် ၂၇ ရက်တွင် တင့်ကားများဖြင့်ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့မှုကြောင့် ပါလက်စတိုင်းတပ်ဖွဲ့ဝင်များနှင့် အရပ်သားကိုးဦးသေဆုံးခဲ့ပြီး လူ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဖော်ပြ

အစ္စရေးတို့က အကြမ်းဖက်မှုနှိမ်နင်းခြင်းဟု အကြောင်းပြချက်ဖြင့် ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းနှင့် တောင်ပိုင်းနေရာများ၌ စစ်ရေးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပျောက်ဆုံးနေသော ကမ္ဘောဒီးယားခရီးသည်တင်လေယာဉ် ပြန်တွေ့

ဖနောင်ပင် ဇွန် ၂၇

ကမ္ဘောဒီးယားနိုင်ငံ၌ မကြာမီကပျောက်ဆုံးသွားခဲ့သော ခရီးသည်တင်လေယာဉ်အား ဇွန် ၂၇ရက်က ပြန်လည်ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြောကြား

လေယာဉ်ပေါ်လိုက်ပါသွားသူ ၂၂ဦးစလုံး သေဆုံးသွားခဲ့ကြောင်း၊ လေယာဉ်ပျက်ကို ကမ္ဘောဒီးယားနိုင်ငံအနောက်တောင်ပိုင်း သစ်တောများထူထပ်ရာတောင်များအတွင်း ရှာဖွေတွေ့ရှိခဲ့သည်ဟု ကမ္ဘောဒီးယား ပြန်ကြားရေးဝန်ကြီး ခန်ဟာရစ်က ပြောကြားသည်။

ရှာဖွေတွေ့ရှိ

ယင်းလေယာဉ်သည် ရာသီဥတုလွန်စွာဆိုးရွားမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း လေယာဉ်ပျက်ကို ကမ်ပေါ့ပြည်နယ် ဘူကောတောင်အနီးမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ (အောက်ပုံ)

စာအုပ်ဈေးရောင်းပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၇

စာကြည့်တိုက်များ၊ စာအုပ်ဆိုင်များ၊ စာပေမြတ်နိုးသူများနှင့် ကျောင်းသား ကျောင်းသူများအတွက် ခေတ်အဆက်ဆက်က ထုတ်ဝေခဲ့သည့် ဘာသာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ အတွေးအခေါ်၊ စီးပွားရေး၊ အင်ဂျင်နီယာ၊ ဆေး၊ ဥပဒေစသည့် ပညာရပ်ဆိုင်ရာ သုတရသရှားပါး စာအုပ်မျိုးစုံကို ဈေးပွဲတော်ရက်များအတွင်း ၁၅ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ဇီဇဝါစာအုပ်တိုက် အမှတ် ၂၅ နံ့သာလမ်း အလုံမြို့နယ် ခန်းမအနီး ရန်ကုန်မြို့၌ ဇူလိုင် ၁ရက်မှ ၁၅ရက်အထိ ခင်းကျင်းရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များအတွက် ခေတ်ဟောင်း ခေတ်သစ် သုတရသ ပညာပေးစာအုပ်မျိုးစုံကို တစ်အုပ်လျှင် ငွေကျပ်၂၅၀နှုန်းဖြင့်ရောင်းချပေးလျက်ရှိရာ စိတ်ဝင်စားသူများ ဖုန်း-၀၁-၂၂၁၁၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

NLD ပါတီသည် နိုင်ငံတော်၊ ပြည်သူတို့၏အကျိုးကို ဖော်ဆောင်မှုမရှိ ပါတီဝင်အဖြစ်ဆက်လက်ရပ်တည်နေပါက မိမိတို့ဘဝနစ်သထက်နစ်နေမည်

လပွတ္တာမြို့နယ်မှ ပါတီဝင် ၁၄ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၂၇

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမြင့်ဝင်း၊ ဦးတင်ဝင်း၊ ဦးစံမြင့်၊ ဦးမောင်မောင်ကြည်နှင့် ဦးလှကြည်တို့အပါအဝင် ပါတီဝင် ၁၄ ဦးတို့သည် ဇွန် ၂၁ ရက်တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဆန္ဒအလျောက်နုတ်ထွက်

ဧရာဝတီတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံတော်၊ ပြည်သူတို့၏အကျိုးကို ဖော်ဆောင်မှုမရှိသဖြင့် ပါတီအပေါ် ယုံကြည်အားထားမှုမရှိတော့ကြောင်း၊ NLD ပါတီတွင် အဖွဲ့ဝင်အဖြစ် ဆက်လက်ရပ်တည်နေပါက မိမိတို့ဘဝ နစ်သထက်နစ်နေမည်ဖြစ်သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

နွေရာသီ အဆို၊အက၊အရေး၊အတီး သင်တန်းဆင်း

ကျောက်ဆည် ဇွန် ၁၃

ကျောက်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပသည့် နွေရာသီ အဆို၊ အက၊ အရေး၊ အတီးသင်တန်းဆင်းပွဲအခမ်းအနားကို မေ၃၀ရက် နံနက် ၉နာရီက ကျောက်ဆည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌဒေါ်ဝင်းမေ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ မန္တလေးတက္ကသိုလ်မှ နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ခရိုင်ပညာရေးမှူးဒေါ်စန်းတင့်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ ရှင်းလင်းတင်ပြပြီး ခရိုင်ဥက္ကဋ္ဌက နည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မန္တလေးတောင် စိမ်းလန်းစိုပြည်ရေးအတွက် ရေလှောင်ကန်များမှ ရေဖြန့်ဝေ
ခုနစ်မြို့နယ်မှ သိမ်းဆည်းရမိ သက်တမ်းလွန်ဆေးဝါးများ စုပေါင်းမီးရှို့ဖျက်ဆီး

မန္တလေး ဇွန် ၁၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၉ရက် နံနက်၈ နာရီက ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၂)အခြေခံပညာအလယ်တန်းကျောင်းတွင် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဆောင်ရွက်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု အခမ်းအနားသို့ ရောက်ရှိကြရာ မန္တလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြ၊ မန္တလေးတိုင်း ပညာရေးမှူး ဦးစောထွန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မလေးနှင့် ဆရာ၊ ဆရာမများ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပညာရေးဌာနနှင့် ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် ကျောင်းဝင်းအတွင်း အပြင်တို့တွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသန့်ရှင်းရေးဌာနမှ ဝန်ထမ်းများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြားလူမှုရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မြက်ပင်များ၊ အမှိုက်သရိုက်များ ရှင်းလင်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆေးဖျန်းနေမှု

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ခြင်အန္တရာယ် ကင်းဝေးစေရေးအတွက် စာသင်ခန်းများအတွင်း စက်ဖြင့် ခြင်ဆေးဖျန်းနေမှုနှင့် ကျန်းမာရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စိမ်းလန်းစိုပြည်ရေး

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော်သို့ ရောက်ရှိလာကြရာ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူးဦးထွန်းကြည်နှင့် အင်ဂျင်နီယာများက မန္တလေးတောင်တော် စိမ်းလန်းစိုပြည်ရေးအတွက် ရေရရှိရန် ရေလှောင်ကန်များမှတစ်ဆင့် ရေပိုက်လိုင်းများဖြင့် ရေဖြန့်ဝေပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးတောင်တော် စိမ်းလန်းစိုပြည်ရေးအတွက် ရေဖြန့်ဝေပေးနေသည့် ရေလှောင်ကန်များ၊ ရေပေးရေးစက်ရုံများနှင့် ရေပိုက်လိုင်းများ သွယ်တန်းထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား လိုအပ်သည်များ မှာကြားသည်။

အခြေအနေ

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာအနီးရှိ စွန့်ပစ်ဆေးဝါးများ စုပေါင်းဖျက်ဆီးသည့်နေရာသို့ ရောက်ရှိလာရာ မန္တလေးတိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်ထွန်း၊ အထက်မြန်မာပြည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထွန်းဇော်၊ သန့်ရှင်းရေးဌာန ဌာနမှူး ဦးတင်ထွဋ်ကျော်နှင့် တာဝန်ရှိသူများက မန္တလေးခုနစ်မြို့နယ်မှ ကာလတန်ဖိုး၁၃၅ သိန်းခန့်ရှိသော သိမ်းဆည်းရမိသည့် သက်တမ်းလွန်ဆေးဝါးများ မီးရှို့ဖျက်ဆီးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြားဖြည့်ဆည်း

ယင်းနောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် သိမ်းဆည်းရမိသည့် သက်တမ်းလွန်ဆေးဝါးများ စုပေါင်းမီးရှို့ဖျက်ဆီးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ကြို့ပင်ကောက်မြို့ အမှတ်(၈၇)သစ်စက်ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ရက်က သစ်စက်ခန်းမတွင် ကျင်းပရာ စက်ရုံမန်နေဂျာ ဦးအောင်သိန်းက ကျောင်းသူတစ်ဦးအား ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်စဉ်။ (ဝ၄ဝ)

လေးရွာဆုံ မူလတန်းလွန်ကျောင်း စာကြည့်တိုက်အတွက်
မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့များ စာအုပ်လှူဒါန်း

မြင်းခြံ ဇွန် ၅

မြင်းခြံမြို့နယ် လေးရွာဆုံမူလတန်းလွန်ကျောင်း စာကြည့်တိုက်အတွက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များက စာအုပ်လှူဒါန်းပွဲကို မေ ၂၈ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နွားထိုးကြီးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးငွေမြင့် (မောင်မောင်ငွေမြင့်)၊ မြင်းခြံမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်း (သိန်းသက်အောင်)၊ ပျော်ဘွယ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဘဏ္ဍာရေးမှူးဦးဗိုလ်ချုပ် (ချစ်နိုင်ဗိုလ်) တို့က စာအုပ်များလှူဒါန်းရာ လေးရွာဆုံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးရီက လက်ခံယူသည်။

တက်ရောက်

စာအုပ်လှူဒါန်းပွဲသို့ ကျေးရွာလူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသူများ၊ ကျောင်းသားမိဘများနှင့် အလှူရှင်များ တက်ရောက်ကြသည်။ (၂၂၇)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးနှင့် လှိုင်မင်္ဂလာဈေးတို့တွင် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက်အဖွဲ့ဝင်ထမ်းများဖြင့် ရေမြောင်းများဆယ်ယူခြင်း၊ ဈေးအတွင်းအပြင် အမှိုက်များ စုပေါင်း ရှင်းလင်းခြင်းလုပ်ငန်းများကို ဇွန် ၈ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်း ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးဆိုင်များတွင် အိုင်အိုဒင်းပါဝင်သည့်ဆားများ ရောင်းချရန်နှင့် ရောင်းချမှုရှိ မရှိကို မေ ၃၀ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးဂျော့ချ်မျိုးမြင့်နှင့်အဖွဲ့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ဝန်ထမ်းများနှင့်အတူ ဈေးနှင့်သားသတ်ဌာနစိတ်တာဝန်ခံ ဒုတိယ ဦးစီးမှူး ဒေါ်မူမူကျော်တို့ အိုင်အိုဒင်းဆားပါဝင်မှုကို ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

တမူးမြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး စုပေါင်းသရုပ်ပြလေ့ကျင့်

တမူး ဇွန် ၈

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်နေမှုကို မေ ၃ရက်က မြို့မဈေး မျက်နှာစာ၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်၊ ဈေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းသရုပ်ပြသကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ပထမဝါဆိုလပြည့်နေ့
၂၉-၆-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်နေသည့် သကြားလုံး စက်ရုံ-ကျောက်ဆည်အကြောင်း)

၁၁:၃၅ သုတကမ္ဘာ

၁၂:၀၀ ကျန်းမာရေးနှင့် ဆေးပညာ (ဆေးဝါးအကူအညီမပါဘဲ သွေးတိုးရောဂါကုနည်း)

၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အပြိုင်အဆိုင်)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီတေးပန်းချီ
(၁) မိုးနဲ့အတူ (ရီရီသန့်)
(၂) ချစ်မိုးကြီး (သုမောင်)
(၃) ရွာစမ်းပါဘိတော့ (ရဲရင့်ဝေလွင်)

၁၇:၃၀ အဘိုးအဘွားအလေးထား (တောင်ငူမြို့ ဘိုးဘွားရိပ်သာ)

၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈:၂၅ ကျေးလက်ဇာတ်လမ်း (အကြိုက်ညီသမို့)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွား နေ့ကြီး ရက်ကြီးများ-စတုတ္ထပိုင်း-မောင်ဆုရှင်)

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) လမင်းမှာ အလွမ်းဖြေပါမောင် (ထား)
(၂) မောင့်မေတ္တာအလျော်ပြန်ပေးပါ (ဟသ်ာတထွန်းရင်)
(၃) မောင့်မေတ္တာမှန်တရီ (တင်တင်မြ)

ဗိုလ်ကြီးသိန်း အောင် - ဒေါ်စောမမတို့အား ရည်စူး၍ ရန် ကုန် တိုင်း ကမာရွတ်မြို့နယ် လှည်းတန်းလမ်း အမှတ် (၇၄)နေ သမီးဒေါ်မြင့်မြင့်အောင်နှင့် သားသမီး၊ မြေးတစ်စု (မစူးအပ်ချုပ်ဆိုင်နှင့် ချယ်ရီမိတ္တူ၊ ကွန်ပျူတာ ဖိတ်စာ) မိသားစုက

ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ဒွိပိဋကဆရာတော် ဘဒ္ဒန္တ ဇဋိလထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(စီမံ)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကော့သောင်းမြို့နယ် ချောင်းဝကျေးရွာ စာကြည့်တိုက်သို့ ရုပ်မြင်သံကြား၊ မီးအားထိန်းစက်နှင့် စာအုပ်စာစောင်များ လှူဒါန်း

ကော့သောင်း ဇွန် ၁၄

ကော့သောင်းမြို့နယ် ချောင်းဝကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရုပ်မြင်သံကြား၊ ရေဒီယို၊ မီးအားထိန်းစက်နှင့် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲကို ဇွန် ၉ရက် နံနက် ၈ နာရီက ချောင်းဝကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်က ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေးက ကျေးရွာစာကြည့်တိုက်များ အစဉ်ရှင်သန် ခိုင်မာရေးကိစ္စများကို ဆွေးနွေးကြသည်။

လှူဒါန်း

ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက်တစ်လုံးပေးအပ်လှူဒါန်းရာ(၇)မိုင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်သီဟထူးက လည်းကောင်း၊ ဦးကိုနိုင်က ရေဒီယိုတစ်လုံးကိုလည်းကောင်း၊ ဒေါ်ခင်ခင်ထားက မီးအားထိန်းစက်တစ်လုံးတို့ကို လည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်တင်တင်မြ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်လှလှဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကေသီရှိန်တို့က ကျေးရွာစာကြည့်တိုက်အတွက် သုတ ရသ စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် တာဝန်ခံဦးခင်မောင်ထွေးက လက်ခံယူသည်။

စစ်ဆေး

ဆက်လက်၍ခရိုင် ဥက္ကဋ္ဌနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိတို့က ချောင်းဝကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကြသည်။

(ခရိုင် ပြန်/ဆက်)

အခြေခံကွန်ပျူတာနှင့် အေရိုးဗစ် သင်တန်းဆင်းပွဲ ပုလဲ၌ ကျင်းပ

ပုလဲ ဇွန် ၁၀

ပုလဲမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းနှင့် အခြေခံအေရိုးဗစ် သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၉ နာရီက ပုလဲရတနာခန်းမတွင် ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေမျိုးအေးက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမြင့်နှင့် မြို့နယ်ပညာရေးမှူး ဦးတင်ဟန်တို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆုချီးမြှင့်

ထို့နောက် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြပြီး ဆုရသူများအား ဆုများ ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော် ပရိဝုဏ် အတွင်း ဘက်စုံပြုပြင် တည်ဆောက်မှု လုပ်ငန်းများအတွက် ဇွန် ၁၇ရက်က မော်လမြိုင်မြို့ လှိုင်ရပ်ကွက် (ကြယ်သုံးလုံး အုတ်လုပ်ငန်းရှင်)ဦးလှမင်း- ဒေါ်ရီမြင့် မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

မြင်းခြံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့

မြင်းခြံ ဇွန် ၁၂

မြင်းခြံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန်၅ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမိုးက ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမိုးနှင့်ဇနီးမိသားစု၊ စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဌေးဌေးတို့က အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့်ရှိ ကျောင်းသားကျောင်းသူ၂၃ဦး အတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ကျောင်းသား ကျောင်းသူများသို့ ပေးအပ်သည်။ (၄၀၂)

မွန်ပြည်နယ် သထုံခရိုင် ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို မေ ၂၉ ရက်က သထုံခရိုင်အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းသန်းက တပ်ဖွဲ့ဝင်မိသားစုဝင် ၄၃ဦးတို့အတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၁၃၈၅၀၀ ကို ပေးအပ်စဉ်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်

ဝမ်းတွင်း ဇွန် ၁၂

ဝမ်းတွင်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ တို့က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်း အမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြော ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို မေ ၂၇ရက် နံနက် ၉နာရီက ပြည်သူ့ ဆေးရုံ အစည်းအဝေး ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ဌေးဌေးမူနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာဒေါ်စန်းဌေးနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဒိုင်အဖွဲ့ချုပ် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုက ကျပန်းစကား ပြောပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ ဆေးလိပ် မသောက်ရေးနေ့ အထိမ်း အမှတ်အဖြစ် ကျပန်းစကား ပြောပြိုင်ပွဲ ကျင်းပကြပြီး စာစီစာကုံး ပြိုင်ပွဲနှင့် ကျပန်းစကား ပြော ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စဉ့်ကူးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ချီးမြှင့်

စဉ့်ကူး ဇွန် ၅

ပြင်ဦးလွင်ခရိုင်စဉ့်ကူး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ၂၀၀၆ ခုနှစ် ပြည်သူ့ဝန်ထမ်း ကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းပွဲကို ဇွန် ၁ရက် နံနက် ၁၀နာရီက မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက ပြည်သူ့ဝန်ထမ်း ကောင်းတံဆိပ် ပေးအပ်ချီးမြှင့်ရသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ် အထွေထွေ အုပ်ချုပ် ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းသော ၂၀၀၆ခုနှစ်ပြည်သူ့ ဝန်ထမ်းကောင်းတံဆိပ်ကို ကျွန်းကြီးကျေးရွာ အုပ်စုမှ စာရေးဝန်ထမ်း အဆင့်(၁) ဦးဌေးမြင့်အား ပေးအပ် ချီးမြှင့်သည်။ (အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုဥပဒေ ဟောပြော

မိုးညှင်း ဇွန် ၄

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုဥပဒေ ဟောပြောပွဲကို မေ ၂၂ရက် မွန်းလွဲ ၁နာရီက မိုးညှင်းဒီဂရီကောလိပ် Theatre ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းခရိုင် ဥပဒေအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဒီရိုရန်က မေ၄ရက်မှ စတင်၍ အကျိုးသက်ရောက်သည့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ပင်လုံမြို့ တောင်ရိုးလမ်းမြေသားလမ်းမှ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျောက်စုဆောင်းမှုကို ဇွန် ၆ ရက်က လွိုင်လင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဗန်ကျွမ်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

28-6 (16) 1 6/27/07, 1:10 PM

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ချည်မျှင်နှင့် အထည်စက်ရုံ (ပွင့်ဖြူ)အတွက် Motor for Weaving Loom(150 Sets) ကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန၊ နေပြည်တော်သို့ ၂၉–၇–၂၀၀၇ ရက် ၁၆း၀၀ နာရီတွင် နောက်ဆုံးပေးသွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၉–၆–၂၀၀၇ ရက်မှ စတင်၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မြန်မာ့အထည်အလိပ်လုပ်ငန်း(စီမံကိန်းဌာန)
အမှတ်(၁)စက်မှုဝန်ကြီးဌာန၊
ရုံးအမှတ်(၃၇)နေပြည်တော်၊
ဖုန်း–၀၆၇–၄၀၈၀၇၀၊ ဖက်စ်–၀၆၇–၄၀၈၃၃၈။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ မြစ်သားချည်မျှင်စက်ရုံ (စီမံကိန်း)၏ 33/11KV,5 MVA Sub-station အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်–

စဉ်	ပစ္စည်းအမည်	အရေအတွက်
(က)	33 KV Remote Control Panel	1 Set

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ နေပြည်တော်သို့ ၁၁–၇–၂၀၀၇ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးပေးသွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို ၂၉–၆–၂၀၀၇ရက်မှ စတင်၍ အောက်ဖော်ပြပါ လိပ်စာအတိုင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့အထည်အလိပ်လုပ်ငန်း(စီမံကိန်းဌာန)
ရုံးအမှတ်(၃၇)၊နေပြည်တော်။
ဖုန်း– ၀၆၇–၄၀၈၀၇၀၊ ဖက်စ်–၀၆၇–၄၀၈၃၃၈။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၁၃၄၀ Honda C-90 Custom 6 MR ယာဉ်လက်ဝယ်ရှိသူဦးအောင်ဆန်း မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၁၂၆၈၈၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ် ၈/၇၇၈၈ ယာဉ်လက်ဝယ်ရှိသူ အရှင်စိန္တိတာဘိဝံသ ရဟန်းတော် ၀၀၀၉၁၁က (ကမ–၃)စာအုပ်ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့ ဇွကြားရပ်နေ သမီးဖြစ်သူ မစန်းစန်းကျော် ၉/ပမန(နိုင်)၀၄၄၉၀၉ သည် မိမိဆန္ဒအလျောက် ပြုမူသွားသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

ဦးကျော်မြင့် ၉/ပမန(နိုင်)၀၄၄၉၀၄။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **မန်နေဂျာ/လက်ထောက်မန်နေဂျာ** **ကျား/မ (၇)ဦး**
(စီမံရေးရာဌာန/အသေးစားငွေချေးဌာန/စာရင်းဌာန/စတိုးဌာန)
- B.Sc (Q) / M.Sc/ B.Com / D.A
- အသက်(၃၀)မှ (၄၅)နှစ်အတွင်း
- စီမံအုပ်ချုပ်မှုနှင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် အတွေ့အကြုံ (၃)နှစ်နှင့်အထက် ရှိရမည်။

၂။ **ဆိုင်တာဝန်ခံ** **ကျား/မ (၁၀)ဦး**
- B.Sc/ B.A(E co) ဘွဲ့ရဖြစ်ရမည်။
- အသက် (၂၅)နှစ်မှ (၄၀)အတွင်း
- စီမံအုပ်ချုပ်မှုအတွေ့အကြုံ(၂)နှစ်နှင့် အထက်ရှိရမည်။
- ဘဏ်လုပ်ငန်း၊ အသေးစားငွေချေးလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။

၃။ **ရှေ့ရာဖြတ်** **ကျား/မ (၃)ဦး**
- အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ထားသူဖြစ်ရမည်။
- အသက်(၃၀)မှ (၆၀)အတွင်း
- အသေးစားငွေချေးလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးမှတ်တမ်းနှင့်အတူ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်းများ ပူးတွဲလျက် ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။ **ရေစက်မိသားစုလုပ်ငန်း(လိုင်စင်ရပုဂ္ဂလိကငွေချေးလုပ်ငန်း)၊ အမှတ်(၇၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း–၆၅၁၄၀၂၊ ၀၉–၅၁–၄၄၀၁၈။**

ကန့်ကွက်နိုင်ပါသည်

ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်(၃၅–စီဂျီ)လူနေရပ်ကွက်အမှတ်–ဆရာစံမြောက် အရှေ့၊ မြေကွက်အမှတ်(၆၂၃)၊ နှစ် ၆၀ဂရန်မြေ၊ (အလျားပေ၂၀x အနံပေ၄၀) မြေကွက်လိပ်စာ အမှတ်(၃)၊ မဟာဘောဂလမ်း ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အုတ်ညှပ်နှစ်ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက် ပိုင်ရှင်ဦးကျော်ဝဏ္ဏ ၁၂/ဗဟန(နိုင်)၀၄၁၁၉၈ထံမှ အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားသူ ဒေါ်ချိုချိုအောင် ၁၂/အစန(နိုင်)၀၂၂၆၄၇ထံမှ ဝယ်ယူရန် ဦးကြင်ထွေး NBN–၀၆၁၇၅၉က စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ် ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကြင်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်ကျော်မီ
တရားရုံးချုပ်ရှေ့နေ
B.A;M.A(F-I);H.G.P; R.L; C.B.L; D.B.L;D.I.L;D.M.L
အမှတ်(၇၅)၊(၄၄)လမ်း၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း– ၂၉၆၀၅၅၊၀၉–၅၁–၈၃၀၄၃၊၀၉–၅၀–၂၆၉၉၈၊၀၉–၅၀–၂၇၀၂၀။
WWW.U AUNG KYAW ME.gmail.Com.

(ကမ–၃) မိတ္တူလျှောက်ထားခြင်း ယာဉ်အမှတ် မလမ/၁၃၃၃၁ Honda Wave 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမင်းနေလင်း ၁၀/ကမရ(နိုင်)၀၁၂၆၈၇က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့။**

Vacancy Announcement
(For Local Service Only)

Position Title

1. Junior Sales Executive — Male (5) posts
   - B.E (Mechanical / Petroleum / Electrical power)
   - 22-27 years old
   - Excellent oral and written communication skills in English
   - Can travel within Country
2. Secretary — (2) posts
   - University Graduate
   - 22-27 years old
   - Excellent oral and written communication skills in English
   - Able to use Microsoft Office Applications, e-mail & Internet
   - Active and willing to learn
3. Office Assistant — Female (2) posts
   - University Graduate preferable
   - 18-27 years old
   - Knowledge of Microsoft Office Applications
   - Active and willing to learn

Interested applicants are welcomed to forward your application attached with the following information within 3 weeks from this proclamation.

1. A current resume or curriculum vitae with recent photo, labor registration card, NRC card, free from criminal record and expected salary.
2. Any other documentation i.e. copies of degrees earned, awards etc should be attached together.

Note

a. Only short-listed candidates for Junior Sales Executive and Secretary posts will be contacted for initial written test and for those office assistant posts will be contacted the same for interview.

b. Previous related experiences are **NOT** necessary and fresh graduates are especially invited.

Submit your application to
Myanmar Iwatani LPG Trading Co., Ltd.
No. 463, Thitsar Road, (3)Quarter, South Okkalapa Tsp, Yangon, MM.
ph:(951)564675/ 564084/ 563214/ 565952.



သီပေါမြို့ ရေဟော်ကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပညာသင်ကြားလျက်ရှိကြသည့် ကျောင်းသား ကျောင်းသူ ၂၃၅ဦးတို့အတွက် ဇွန် ၆ ရက်က မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုင်းပြုံးချိုက ရေဟော်ကျောင်းတိုက် ပဓာန နာယကဆရာတော် ကျောင်းအုပ်ကြီး ဘဒ္ဒန္တဝါသဝအရှင်သူမြတ်ထံ ငွေကျပ်ငါးသောင်းကျော်တန်ဖိုးရှိ ဗလာစာအုပ်များနှင့် ခဲတံ၊ ဘောပင်များ ဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်–ကျောက်ဖြူလမ်းပေါ်ရှိ တံတားများဖွင့်

ကျောက်ဖြူ ဇွန် ၂၀

ရန်ကုန်–ကျောက်ဖြူလမ်းပေါ်ရှိ တံတားအမှတ်(၁/၇၁) အောင်ဇေယျတံတား၊ တံတားအမှတ်(၂/၇၇) အောင်မေတ္တာတံတားနှင့် တံတားအမှတ်(၁/၉၃)ဇင်ချောင်းတံတားများ ဖွင့်ပွဲကို ဇွန်၁၂ရက် နံနက် ၁၀နာရီမှ မွန်းလွဲ ၁နာရီအထိ အဆိုပါတံတားများတွင် ကျင်းပကြသည်။

တံတားဖွင့်ပွဲသို့ နယ်မြေခံ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဇော်သန်းဦး၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

တံတားများ ဖွင့်ပွဲတွင် နယ်မြေခံ တပ်နယ်မှဒုတိယဗိုလ်မှူးကြီးဇော်သန်းဦးက အမှာစကားပြောကြားပြီး တံတားများ ဖွင့်ပွဲကို ကျင်းပရာ တံတားအမှတ်(၁/၇၁) ပေ ၃၀ နှစ်လမ်းသွား အောင်ဇေယျတံတား၊ တံတားအမှတ်(၂/၇၇) ပေ ၂၀ နှစ်လမ်းသွား အောင်မေတ္တာတံတားနှင့် တံတားအမှတ်(၁/၉၃) ပေ ၃၀ နှစ်လမ်းသွား ဇင်ချောင်းတံတားတို့ကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဇော်သန်းဦးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်–ကျောက်ဖြူလမ်းပိုင်း အင်ဂျင်နီယာ ဦးသန်းညွှန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်လိုက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကင်းပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း ၁၁ လမ်းထိပ် (ကောင်း–ဆေးစတိုး)မိသားစုက ဆေးစတိုးဖွင့်လှစ်သည့် သုံးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် အများပေါင်းစုကောင်းမှု ငွေကျပ်ငါးသိန်းကို ရွှေပြည်ဟိန်းဆရာတော်ထံလှူဒါန်းရာ ဆေးခန်းအကျိုးဆောင် ဒေါက်တာတင်ထွန်းက လက်ခံယူစဉ်။ (က–ပ)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးကို ဇွန် ၅ရက်က မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး အတွင်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းပါဝင်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြေပုံမြို့နယ်၌ ကျေးရွာချင်းဆက် လမ်းဖောက်

မြေပုံ ဇွန် ၁၀

မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ကြာအင်းတောင်–ရှောက်ခြုံကျေးလက်မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို မေ ၂၇ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း ကွင်းဆင်း စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာဦးကောင်းထွန်းလင်းက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လှိုင်းဘွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်လမ်းဆုံ၌ အဖွဲ့ဝန်ထမ်းများ ပန်းခုံအလှပြုပြင်မှုကို မေ ၂၆ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန့်ဇင်လင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

သန့်ရှင်းလတ်ဆတ်သည့် အသားငါးနှင့်ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာရောင်းချ အခွန်လွတ်ဈေးဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက် မပျောက်ပျက်အောင် ထိန်းသိမ်းရန်မှာကြား

ရန်ကုန် ဇွန် ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြိုဆို

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၁၀)ရပ်ကွက် ရာဇဓိရာဇ်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အခွန်လွတ်ဈေးများကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဈေးအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ထိုမှတစ်ဆင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၆)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ သာကေတမြို့နယ် မာန်ပြေရပ်ကွက် ယမုံနာလမ်းနှင့် မြင်တော်သာလမ်းထောင့်ရှိ ရွှေခင်းသာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ စာမျက်နှာ ၈ ကော်လံ ၁ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သာကေတမြို့နယ် ရွှေခင်းသာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ဘိန်းစိုက်ပျိုးရာဒေသများ၏ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများကို ဦးစားပေး တည်ဆောက်ပေးခဲ့၊ နယ်စပ်ဖွံ့ဖြိုးရေးအတွက် သုံးစွဲခဲ့သည့် ရန်ပုံငွေ စုစုပေါင်း ကျပ်သန်းပေါင်း ၁၀၁၀၆၆ သန်းကျော်၏ ၇၅ ရာခိုင်နှုန်းကို မူးယစ်ဆေးဝါး ပပျောက်ရေး စီမံကိန်းနှင့် ဆက်စပ်နေသည့်ဒေသများ၌ သုံးစွဲဆောင်ရွက်ခဲ့၊ နယ်စပ်ဒေသ၌ရှိသည့် ဘိန်းစိုက်တောင်သူများအတွက် အခြား စီးပွားရေးအခွင့်အလမ်းများ ပေါ်ပေါက်လာပြီး ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအားထားမှု သိသာစွာ လျော့နည်းကျဆင်းလာခဲ့။

ခြင်္ကျား(မအူပင်)၏ ဆောင်းပါး (စာ-၄)

၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ဇွန် ၂၇ ရက် ပြိုင်ပွဲရလဒ်

အမှတ်(၂)လျှပ်စစ်စွမ်းအား	၇ – ၁	ဆောက်လုပ်ရေး
အလုပ်သမား	၁ – ၀	လယ်ယာ/ဆည်မြောင်း
ပညာရေး	၄ – ၀	ယဉ်ကျေးမှု

ယနေ့ကစားမည့်ပွဲစဉ်

နေ့ရက်/အချိန်	အုပ်စု	ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနအသင်း
၂၈–၆–၂၀၀၇ နံနက် ၇း၃၀ နာရီ	(ဆ)	အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် တရားရုံးချုပ် (ပေါင်းလောင်းအားကစားကွင်း)
၂၈–၆–၂၀၀၇ ညနေ ၄ နာရီ	(က)	ပို့ဆောင်ရေးနှင့် သမဝါယမ (ပေါင်းလောင်းအားကစားကွင်း)
၂၈–၆–၂၀၀၇ ညနေ ၄ နာရီ	(က)	အမှတ်(၁)စက်မှုနှင့် အမှတ်(၂)စက်မှု (လယ်ဝေးအားကစားကွင်း)

ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့်အုပ်စုပြိုင်ပွဲကို ဇူလိုင် ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအဆင့် အုပ်စုပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)